ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 29 November 2023 ၁၁၂၉၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသော ပနားမီးပုစွန်ဖြူ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိ



ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ပဈေးကွက်ဝင် ပနားမီးပုစွန်ဖြူများကို တနင်္သာရီတိုင်းဒေသကြီးတွင် ကော့သောင်းခရိုင်၊ မြိတ်ခရိုင်နှင့် ထားဝယ်ခရိုင်တို့၌ ရေငန်မွေးမြူရေးကန်များတွင် စနစ်တကျ မွေးမြူထုတ်လုပ်လျက်ရှိရာ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိကြောင်း သိရသည်။

**အများဆုံးဝယ်နေ**

"တနင်္သာရီ တိုင်းဒေသကြီးမှာ ပနားမီးပုစွန်မွေးမြူတာ ငါးနှစ်ကျော်ပဲ ရှိပါသေးတယ်။ အမြတ်အစွန်းကြီးသလို ရင်းနှီးမှုလည်း ကြီးတယ်။ မြန်မာ့ပုစွန်ဖြူက အရည်အသွေးကောင်းတဲ့အတွက် ပြည်ပနိုင်ငံတွေက နှစ်ခြိုက်ကြပြီး လက်ရှိမှာ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံက အများဆုံးဝယ်နေပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော တောင်ကြီး မီးပုံးပျံလွှတ်တင်သည့်အဖွဲ့အား ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပ

စာမျက်နှာ » ၃



မသန်သော်လည်း စွမ်းပါသည်

ဆောင်းပါး စာမျက်နှာ » ၆

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၈

| | | |
|---|---|---|
| ဟားခါး | ၃ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၇ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၈ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၈ | ဒီဂရီစင်တီဂရိတ် |

# အင်းလေးဒေသနှင့် ရှာင်ဒေသတို့မှထွက်ရှိသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

မန္တလေး နိုဝင်ဘာ ၂၈

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ ယခုအချိန်တွင် အင်းလေးဒေသနှင့် ရှာင်ဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ ခရမ်းချဉ်သီးပွဲရုံများထံမှ သိရသည်။

**ပုံမှန်ဝင်ရောက်လျက်ရှိ**

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်း အင်းလေးဒေသနှင့် ရှာင်ဒေသတို့မှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားအစီးရေ ၂၅ စီးမှ ၂၆ စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း အင်းလေးသီး ၁၈ ပိဿာဝင်သေတ္တာတစ်လုံးလျှင် ငွေကျပ် ၂၅၀၀၀ မှ ၂၇၀၀၀ နှင့်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖



ကြေးမုံ

# နိုင်ငံအချင်းချင်းရင်းနှီးချစ်ကြည် အတူပူးပေါင်းလက်တွဲဆောင်ရွက်

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ ဖျက်သင်္ဘော၊ ဖရီးဂိတ်စစ်ရေယာဉ်နှင့် ထောက်ပံ့ရေးစစ်ရေယာဉ်သုံးစင်းတို့နှင့်အတူ အရာရှိ၊ စစ်သည် ၇၀၀ ခန့်လိုက်ပါလာသည့်အဖွဲ့သည် နိုဝင်ဘာလ ၂၇ ရက်နေ့က ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ကာ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာလ ၂ ရက်နေ့ကလည်း ရုရှားရေတပ်မှ ဖျက်သင်္ဘောနှစ်စင်းနှင့် အရာရှိ၊ စစ်သည် ၈၀၀ ခန့်လိုက်ပါလာသည့်အဖွဲ့သည် ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းများ ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ရန်ကုန်၊ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများပြုလုပ်ခြင်း၊ နှစ်နိုင်ငံတပ်မတော်ကြား ယှဉ်ကျေးမှုဖလှယ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကျင့်သုံးလျက်ရှိသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ပေါ်တွင်အခြေခံ၍ ထိတွေ့ဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ လက်တွဲပူးပေါင်းဆက်ဆံနေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ မိမိနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းကိုလည်း လက်မခံဆန့်ကျင်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့သည် ကာလရှည်ကြာ မိတ်ဖက်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့သည့် မိတ်ကောင်းဆွေကောင်းနိုင်ငံဖြစ်သည်။ နှစ်နိုင်ငံအစိုးရကြား၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား၊ နှစ်နိုင်ငံပြည်သူများကြား ဆက်ဆံရေးကောင်းများ တည်ဆောက်နိုင်ခဲ့သည်။ မျက်မှောက်ကာလ၌ စစ်ဘက်ဆက်ဆံရေး၊ အရပ်ဘက်ဆက်ဆံရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့တွင် နှစ်နိုင်ငံလက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှုများကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့် ရင်းနှီးချစ်ကြည်လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို အမြင့်မားဆုံးတည်ဆောက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်ပေါင်းထောင်ချီရှည်လျားခဲ့သည့် ဆွေမျိုးပေါက်ဖော်မိတ်ဖက်နိုင်ငံဖြစ်ပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံလည်းဖြစ်သည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို လေးစားလိုက်နာပြီး နှစ်နိုင်ငံအစိုးရ၊ နှစ်နိုင်ငံတပ်မတော်နှင့် နှစ်နိုင်ငံပြည်သူများအကြား ခိုင်မာသည့်ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်ထားသည်။ အထူးသဖြင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဖြင့် စီးပွားရေးကို အမြင့်မားဆုံးဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီက နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မရှုဆိတ်နိုင်သော ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများနှင့် အပေါင်းပါပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားမှုဖြစ်အောင် အဖျက်လုပ်ရပ်များလုပ်ကိုင်ခဲ့သည်။

နှစ်နိုင်ငံစီးပွားကုန်သွယ်မှုတွင် အဓိကကျသည့် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် လမ်း၊ တံတားများ၊ ကုန်သွယ်ရေးဆိုင်ရာ ဂိတ်၊ စခန်းများကို ဖျက်ဆီးခဲ့ကြရာ နှစ်နိုင်ငံစီးပွားဆက်သွယ်ရေး၊ ပြည်သူလူထု၏ စီးပွားရေးနှင့် လူမှုစီးပွားဘဝတည်ငြိမ်စွာလည်ပတ်နေမှုကို ထိခိုက်စေခဲ့သည်။ ထို့အပြင် တရုတ်-မြန်မာ ရေနံဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အနေဖြင့် လုံခြုံရေးအတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသည်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေး၊ လုံခြုံမှုရှိစေရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အသိပေးအကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း နှစ်နိုင်ငံအကြား ကမ္ဘာပေါင်းစုံ၌ ရင်းနှီးချစ်ကြည်စွာ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူဝါဒအပေါ်တွင် ရပ်တည်လျက်ရှိပြီး မြန်မာ့တပ်မတော်နှင့်အတူ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အမြဲတမ်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားထားသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံနှင့်အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို လိုက်နာပြီး နေထိုင်ဆောင်ရွက်လျက်ရှိကာ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိပြီး နိုင်ငံအချင်းချင်း အထူးသဖြင့် မိတ်ဖက်နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေး တိုးတက်ကောင်းမွန်မှုတို့အတွက် လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။




## "အပြည်ပြည်ဆိုင်ရာကလေးများနှစ်" အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းအသစ်ထုတ်ဝေမည်




**နေပြည်တော် နိုဝင်ဘာ ၂၈**

၁၉၇၉ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာကလေးများနှစ်" အဖြစ် ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ခဲ့ပြီး ပန်းချီဆရာကြီး ဦးခင်လှိုင် ရေးဆွဲပေးခဲ့သည့် တံဆိပ်ခေါင်းဒီဇိုင်းဖြင့် မြန်မာနိုင်ငံမှ "အပြည်ပြည်ဆိုင်ရာ ကလေးများနှစ်" အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ထုတ်ဝေခဲ့သည်။

### ထုတ်ဝေရောင်းချမည်

ယခုနှစ် ၂၀၂၃ ခုနှစ်တွင် "အပြည်ပြည်ဆိုင်ရာ ကလေးများနှစ် (၄၄) နှစ်ပြည့်" အထိမ်းအမှတ်အဖြစ် အဆိုပါ ပန်းချီဆရာကြီး ဦးခင်လှိုင် ရေးဆွဲပေးထားသည့်ပန်းချီဒီဇိုင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်အဖြစ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်) တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် ထုတ်ဝေရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက် (သောကြာနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၂၆ | ၂၂၆,၅၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၉၀၂ | ၅,၅၁၅,၈၅၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၆၈ | ၄၇၆,၀၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၁၁၆ | ၁၈၅,၁၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၃၈၉ | ၉၄၃,၀၅၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၂၀၀ | ၄၀၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၆၅၀ | ၁,၇၀၀ | ၁,၉၈၅ | ၃,၂၇၅,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော တောင်ကြီးမီးပုံးပျံလွှတ်တင်သည့်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထား ပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော် ကာလအတွင်း မီးပုံးပျံ လွှတ်တင်ပူဇော်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်နေ့အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ရာ အဆိုပါအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော မီးပုံးပျံလွှတ်တင်ပေးသည့် တောင်ကြီးမြို့မှ မီးပုံးပျံပညာရှင်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော တောင်ကြီးမီးပုံးပျံလွှတ်တင်သည့်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ၊ အခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် တောင်ကြီးမီးပုံးပျံလွှတ်တင်သည့် အဖွဲ့များ၊ အထောက်အကူပြု အဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ခြင်းတွင် တောင်ကြီးမီးပုံးပျံလွှတ်တင်သည့်အဖွဲ့အား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော် ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ် ကပ်လှူပူဇော်ခြင်း အခမ်းအနားများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တန်ဆောင်တိုင် ပွဲတော်ကာလအတွင်း မီးပုံးပျံများ လွှတ်တင်ပူဇော်နိုင်မှုအနေဖြင့် ညမီးကြီး ၁၁ လုံး၊ စိန်နားပန် ၂၀ စုစုပေါင်း မီးပုံးပျံ ၃၁ လုံးအား လွှတ်တင်နိုင်ခဲ့ပြီး တောင်ကြီးမြို့မှ မီးပုံးပျံပညာရှင်များအဖွဲ့အနေဖြင့် ရရှိသည့် အချိန်တစ်လခွဲခန့်ကာလအတွင်း ပြီးစီးအောင်မြင်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့ပြီး ဘေးအန္တရာယ် ကင်းရှင်းစွာနှင့် အောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပထမအကြိမ် တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံပွဲတော် အခမ်းအနားကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အဘက်ဘက်မှဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မီးရှူးမီးပန်းပစ်လွှတ်ရေးအဖွဲ့၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကုမ္ပဏီများ အားလုံးနှင့် အထောက်အကူပြုအဖွဲ့များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တောင်ကြီးမြို့ မီးပုံးပျံအဖွဲ့မှ ကိုယ်စားလှယ် ဦးတိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ခြင်းတွင် တောင်ကြီးမီးပုံးပျံလွှတ်တင်သည့်အဖွဲ့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဆိပ်ဖြူမြို့နယ်၌ (၁၀၃) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများ ကျင်းပ

**ဆိပ်ဖြူ နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် (၁၀၃) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ဆိပ်ဖြူ(အထက)ကျောင်း၌ ကျင်းပသည်။

**ကြီးကြပ်ဆောင်ရွက်**

အဆိုပါပြိုင်ပွဲကို အခြေခံပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူလေးများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်နှင့် ဇာတိသွေး၊ ဇာတိမာန် အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်တိုးတက်လာစေရန် ရည်ရွယ်၍ အမျိုးသားအောင်ပွဲနေ့ကို တန်ဖိုးထားလို့ ငြိမ်းချမ်းစည်းလုံးသော နိုင်ငံတော်ကြီးတည်ဆောက်စို့ ခေါင်းစဉ်ဖြင့် (၁၀၃) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

**ပါဝင်ယှဉ်ပြိုင်**

ယင်းပြိုင်ပွဲများကို အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများလာရောက်ယှဉ်ပြိုင်ကြပြီး စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ လေးဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ သုံးဦး ပါဝင်ယှဉ်ပြိုင်ကြသည်။



**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါ အား လက်ခံတွေ့ဆုံ




**နေပြည်တော် နိုဝင်ဘာ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါ အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်းတို့အကြား မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဘက်စုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းနှင့် ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်းတို့၏ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေ၊ ထပ်မံ၍ အဆိုပါစီမံကိန်းများကို ဆက်လက်တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် MoU အသစ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ ခေါင်းဆောင်မှုသင်တန်းပို့ချခြင်း စီမံကိန်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စက်မှုလက်မှုသင်တန်းစီမံကိန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းများ ဆောက်လုပ်ရေးစီမံကိန်းအရ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံးတွင် ယနေ့မွန်းလွဲ ၂ နာရီတွင် သွားရောက်တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အသင်းချုပ်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးအေးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြဟန်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးရဲမြင့်မောင်နှင့် တွဲဖက်စာရင်းစစ် ဦးအောင်ကြည်စိုးတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ကော်မရှင်၏ Operational Plan ပါ ကိစ္စရပ်များနှင့် စီးပွားရေးနှင့် လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**သိရှိလိုသည်များ မေးမြန်း**

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အသင်းချုပ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင်က ပြန်လည်ဖြေကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ကော်မရှင်က ဘာသာပြန်ဆို ထုတ်ဝေသည့် လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် ကော်မရှင် လက်ကမ်းစာစောင်များ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မင်္ဂလာ တောင်ညွန့်မြို့နယ် ကန်တောင်ရပ်ကွက် သိမ်ဖြူလမ်း မြင့်ရတနာစတိုးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစု၏ဥက္ကဋ္ဌ ဦးဘုန်းမြင့်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမလုပ်ငန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကာ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်း၊ အသင်းသားစာရင်းစစ် အစီရင်ခံစာတို့ကို ဖတ်ကြားအတည်ပြုချက်ရယူသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အသင်းဝင်များကို အစုပေါ်အမြတ်နှင့် ပြန်အမ်းငွေ ၁၀ ဒသမ ၁၀၄ သန်း ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# ဘုတ်ပြင်းမြို့၌ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်



**ဘုတ်ပြင်း နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အောင်မင်္ဂလာရပ်ကွက်ရှိ မြို့မဈေးကြီးတွင် ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းမင်းစိုးက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ဂက်စ်မီးအသုံးပြုသူများအနေဖြင့် မီးလောင်မှုဖြစ်ပေါ်လာပါက အရေးပေါ်မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး မရရှိနိုင်သည့်အခါ ရေစိုအဝတ်ဖြင့် အောက်ဆီဂျင်ဖြတ်တောက်၍ မီးငြိမ်းသတ်နည်းများ လက်တွေ့ပြသခြင်း၊ ဈေးသူဈေးသားများ ကိုယ်တိုင်ပါဝင်ပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်တပ် ဖွဲ့ဝင်များက ရေသယ်ယာဉ်၊ မီးငြိမ်းသတ်ယာဉ်တို့ဖြင့် စုပေါင်းမီးငြိမ်းသတ်ခြင်းကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရာတွင် ဘုတ်ပြင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုတ်ဖိုမြို့၌ ကျောင်းကျန်းမာရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်



**အုတ်ဖို နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အထက အုတ်ဖိုတွင် ယနေ့နံနက် ၉ နာရီတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

**ရှင်းလင်းပြောကြား**

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးသက်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေးဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မျက်စိအမြင်အာရုံ စမ်းသပ်ပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျောင်းကျန်းမာရေးကတ်ပြားများ စစ်ဆေးဖြည့်သွင်းပေးခြင်း၊ ကျောင်းကျန်းမာရေးပညာပေးခြင်း၊ အာဟာရဖွံ့ဖြိုးရေးအစာအုပ်စုများ ခင်းကျင်းပြသခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်း သရုပ်ပြလက်တွေ့ပြုလုပ်စေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



နေပြည်တော် နိုဝင်ဘာ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ ကျန်းရှီပြည်နယ် နန်ချန်းမြို့၌ ကျင်းပမည့် ၂၀၂၃ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်သို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ လိုက်ပါသွားကြသည်။ အဆိုပါ ၂၀၂၃ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်ကို "Inheritance and Innovation of Traditional Medicine, Globalization of Traditional Medicine, and Protection of Traditional Medicine Intellectual Property Rights" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ယင်းအစည်းအဝေးသို့ တရုတ်၊ အိန္ဒိယ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန် စသည့် နိုင်ငံများပါဝင်သည့် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်နိုင်ငံများ၊ အာဖဂန်နစ္စတန်၊ ဘီလာရုစ်၊ မွန်ဂိုလီးယား စသည့်နိုင်ငံများ ပါဝင်သည့် လေ့လာသူနိုင်ငံများ၊ မြန်မာ၊ ဘာရိန်း၊ ကူဝိတ်၊ ကမ္ဘောဒီးယား စသည့်နိုင်ငံများ ပါဝင်သည့် ဆွေးနွေးဖက်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ တရုတ်တိုင်းရင်းဆေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်း၏ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၏ တိုင်းရင်းဆေးဝါး အရည်အသွေး ကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု ဆန်းသစ်တီထွင်ရေးဆိုင်ရာကိစ္စရပ်များနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဉာဏပစ္စည်း မူပိုင်ခွင့် ကာကွယ်ခြင်းကိစ္စရပ်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကဝမြို့နယ်၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ကဝ နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) အကြိုလှုပ်ရှားမှုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းနှင့် ကျန်းမာရေး ဝန်ထမ်းများက မကျက်ကြီး ကျေးလက်ကျန်းမာရေးဌာနတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ငါးနှစ်အောက်ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

ထို့နောက်အခြေခံပညာအထက်တန်းကျောင်း (မကျက်ကြီး)တွင် ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာလမင်းနိုင်က သွားကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်းနှင့် သွားရောဂါများ ရှာဖွေဖော်ထုတ်ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

# ကျိုက်လတ်၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်

ကျိုက်လတ် နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအား Catch-Up ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံရှိ စုဝေးခန်းမ၌ စတင်ဆောင်ရွက်ခဲ့သည်။

ကာကွယ်ဆေးအားလုံးကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်တို့ကို ပြင်းထန်တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ပုံမှန်ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းနှင့် အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ် ၃၀ အား Catch-Up နည်းလမ်းဖြင့် ယနေ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဆရာ ဆရာမများ၊ ဆေးထိုးနှံမည့်ကလေးများနှင့်မိဘများ တက်ရောက်ကြကြောင်း သိရသည်။

၀၂၇



# ဆေးတက္ကသိုလ်(မန္တလေး)၌ ဆေးပညာအခြေခံနှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



မန္တလေး နိုဝင်ဘာ ၂၈

ဆေးတက္ကသိုလ်(မန္တလေး) ဆေးပညာအခြေခံနှစ် (Foundation Year) (၁၁/၂၀၂၃)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် (၇၃)လမ်း လမ်း (၃၀)ရှိ ဆေးတက္ကသိုလ်(မန္တလေး)ဇီဝက(မန်းရတနာပုံ)ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမျိုးသက်တင်က အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာနွယ်မာထွန်းက အမှာစကားပြောကြားပြီး ဆေးပညာအခြေခံနှစ် (Foundation Year) Semester 1 ဌာနမှူးများကိုယ်စား ဓာတုဗေဒဌာနမှ ဌာနမှူး ဒေါက်တာအေးအေးသိန်းနှင့် ဆေးပညာအခြေခံနှစ် (Foundation Year) Semester 2 ဌာနမှူးများကိုယ်စား ဆေးဝါးဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာနွယ်နွယ်သန်းတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ သင်ကြား/စီမံ၊ ဆရာ ဆရာမများ၊ ဆေးပညာအခြေခံနှစ် (Foundation Year) ကျောင်းသားကျောင်းသူ ၁၆၅ ဦးနှင့် ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# ရေကြည်မြို့နယ်အတွင်းရှိ ဆီဆုံကုန်း-ကြို့ကုန်း-လှေဆွဲရိုး-မဲဇလီကုန်းလမ်း ကျောက်အမာခံလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရေကြည် နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၂၃ -၂၀၂၄ ) ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆီဆုံကုန်း-ကြို့ကုန်း-လှေဆွဲရိုး-မဲဇလီကုန်းလမ်း လမ်းအရှည် သုညမိုင် ခြောက်ဖာလုံ ၊ အကျယ် ၁၂ ပေ၊ ဒ ခြောက်လက်မရှိ ကျောက်အမာခံလမ်းခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၈၇ ဒသမ ၇၅၀ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေး

အဆိုပါ ကျောက်အမာခံလမ်းခင်းခြင်းဖြင့် ကျေးရွာ ခြောက်ရွာ၊ အိမ်ခြေ ၄၁၃ အိမ်၊ လူဦးရေ ၂၁၇၀ တို့အား သွားလာရေးအဆင်ပြေချောမွေ့စေရန် အကျိုးပြုသော လမ်းဖြစ်ပြီး လမ်းရေရှည်တည်တံ့စေရန်အတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၁ နာရီက ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းက ကွင်းဆင်းစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ)(တာဝန်) ဒေါ်အင်ကြင်းကြူကြူက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မသန်သော်လည်း စွမ်းပါသည်

ဆုလတ်မေ

နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ (International Day of Persons with Disabilities) အဖြစ် ကုလသမဂ္ဂက ၁၉၉၂ ခုနှစ်မှစ၍ သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရန်နှင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးထားဂရုပြုတတ်စေရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်မှ စတင်ပြီး အစဉ်အလာမပျက်ကျင်းပခဲ့သည်မှာ ၂၀၂၂ ခုနှစ်တွင် (၂၉) ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်သည်။



(၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်စဉ်။

## မသန်စွမ်းသူများအခြေအနေ

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ တစ်ဘီလီယံကျော် သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းမှုတစ်မျိုးမျိုးကို တွေ့ကြုံခံစားနေကြရသည်။ ယင်းမသန်စွမ်းသူများ၏ ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြောင်း ကမ္ဘာ့ဘဏ်က ဆိုပါသည်။ ကမ္ဘာတစ်ဝန်း မသန်စွမ်းသူအရေအတွက် သိသိသာသာမြင့်တက်လျက်ရှိပြီး ယင်းသည် လူဦးရေပျံ့နှံ့မှုပုံစံများနှင့် အကြောင်းအမျိုးမျိုးဖြင့် နာတာရှည်ကျန်းမာရေးမကောင်းမှုများ မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။

လတ်တလောတွင် မသန်စွမ်းသူများသည် ပညာရေးအားနည်းခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနိမ့်ကျခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ဆင်းရဲမွဲတေမှုနှုန်းမြင့်မားခြင်း စသည့်ဆိုးရွားသောလူမှုစီးပွားဘဝအခြေအနေများကို ကြုံတွေ့ရနိုင်ခြေ ပို၍များပြားနေကြောင်း ကုလသမဂ္ဂက ဆိုပါသည်။ ဆင်းရဲမွဲတေမှုကြောင့် အာဟာရချို့တဲ့မှု၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်ရန် အနေအထားမပြည့်စုံမှု၊ ဘေးကင်းသောလုပ်ငန်းခွင်အခြေအနေ၊ ညစ်ညမ်းသောပတ်ဝန်းကျင်၊ လုံခြုံသောရေနှင့် မိလ္လာစနစ်အသုံးပြုနိုင်သည့်အခြေအနေ မရှိမှုတို့သည် မသန်စွမ်းဖြစ်နိုင်ခြေများ တိုးလာစေလျက်ရှိပါသည်။ မသန်စွမ်းမှုဖြစ်လာစေနိုင်သည့်အခြားအချက်များတွင် အလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်းများ နည်းပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်းနှင့် မသန်စွမ်းနေထိုင်မှု စရိတ်စကများ မြင့်တက်လာခြင်းတို့လည်း ပါဝင်ပါသည်။



မသန်စွမ်းတစ်ဦးဖြစ်သည့် Cambridge တက္ကသိုလ်မှ ဒေါက်တာဘွဲ့ ရရှိထားသူ ကမ္ဘာကျော် ရူပဗေဒပညာရှင် Stephen William Hawking။

မသန်စွမ်းသူများအနေဖြင့် လူမှုရေးနှင့် စီးပွားရေးတွင် အပြည့်အဝပါဝင်နိုင်ရေးအတွက် အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း တွေ့နေရပါသည်။ ယင်းအခက်အခဲများတွင် လက်လှမ်းမမီနိုင်သော ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် သယ်ယူပို့ဆောင်ရေး၊ အထောက်အကူပစ္စည်းများနှင့် နည်းပညာများ မရရှိနိုင်မှု၊ လိုက်လျောညီထွေမဖြစ်သည့် ဆက်သွယ်မှုနည်းလမ်းများ၊ ဝန်ဆောင်မှုဆိုင်ရာ မညီမျှမှုများနှင့် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံခံရသော မလိုမုန်းထားမှုနှင့် အရှက်ရစေမှုများကို တွေ့ရသည်။

မသန်စွမ်းသူများ၏ အခြေခံအကြောင်းရင်းများတွင် အလုပ်လုပ်ရန် ဆန္ဒရှိသည့် စွမ်းဆောင်ရည်များ ရှိသော်လည်း အလုပ်ရှင်အများစုက ငြင်းပယ်သဖြင့် အလုပ်လုပ်ရန် အလွန်ခက်ခဲသူများအဖြစ် လေ့လာသိရှိရသည်။ မသန်စွမ်းကလေးသူငယ်များ၏ အခြေအနေမှာလည်း သုံးဦးလျှင် နှစ်ဦးမှာ ကျောင်းမတက်နိုင်ကြဘဲ ၃၆ ရာခိုင်နှုန်းသာ စာရေးစာဖတ်တတ်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ ၂ ဒသမ ၃ သန်းသော မသန်စွမ်းသူများနှင့် မိသားစုဝင်များသည် ဆင်းရဲမှုသံသရာမှ ရုန်းထွက်နိုင်ရေးအတွက် ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) ရပ် (၂၀၁၆-၂၀၃၀) အောင်မြင်ရေးသည် အရေးကြီးသကဲ့သို့ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရန် လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် မသန်စွမ်းမှုတို့မှာ ဟန်ချက်ညီဖြေရှင်းကြရမည့် စိန်ခေါ်မှုတစ်ခုဖြစ်သည်။

## မသန်စွမ်းသူများအတွက် အခွင့်အရေး

မသန်စွမ်းသူများသည် ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးတို့သည် အရေးကြီးပါသည်။ နိုင်ငံတော်အစိုးရနှင့် ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ ကြိုးစားမှုစွမ်းအားများကြောင့် မသန်စွမ်းသူများ၏ လှုပ်ရှားမှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရှိလာခဲ့ပြီးဖြစ်သည်။ မသန်စွမ်းသူများ၏ အနုပညာတစ်စိတ်တစ်ပိုင်းကို ဖော်ထုတ်ခွင့်ရရှိသော မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အတီးပြိုင်ပွဲများ၌ ပံ့ပိုးကူညီ တီးခတ်ခြင်းများကို ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ပန်းချီ၊ ဓာတ်ပုံပြပွဲပြိုင်ပွဲများ၊ ပိုးဇာပုံနှိပ်၊ ကြိမ်ထိုး၊ ဆံသ၊ ကွန်ပျူတာ၊ အနှိပ်ပညာ စသည်ဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။



ပန်းချီကားများကို ခြေထောက်ဖြင့်ရေးဆွဲသည့် ပန်းချီပညာရှင် ပါရှားနိုင်ငံသူ Fatemeh Hamami။

နိုင်ငံတော်ကလည်း မသန်စွမ်းသူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်။ အမျိုးသားကော်မတီ၏လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဦးဆောင်ကာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းရေးလုပ်ငန်းများ၊ မသန်စွမ်းအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက်မတည်ငွေကျပ် သုံးဘီလီယံကို တိုးပွားအောင်ဆောင်ရွက်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းမှုအဆင့်အလိုက် သတ်မှတ်၍ လိုအပ်သည့်ပံ့ပိုးမှုများ သိရှိပံ့ပိုးနိုင်အောင် လုပ်ဆောင်ခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဖြင့် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် စီမံကိန်းရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်၊ မန္တလေး)၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (ရန်ကုန်)၊ စစ်ကိုင်းမျက်မမြင်ကျောင်း (စစ်ကိုင်း)၊ နားမကြားကလေးများကျောင်း(ရန်ကုန်၊ မန္တလေး)၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်) ဟူ၍ သင်တန်းကျောင်း ရှစ်ကျောင်းကို ဖွင့်လှစ်ပေးထားပြီးဖြစ်ပါသည်။ မသန်စွမ်းကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ အသိပညာပေးသင်တန်းများ၊ မသန်စွမ်းမှုအမျိုးမျိုးနှင့် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတိုင်းတာစစ်ဆေးပံ့ပိုးခြင်း ဝန်ဆောင်မှု (Early Childhood Intervention Services- ECI)ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## ဆန်းသစ်သောဖြေရှင်းမှုများ

မသန်စွမ်းသူများ ပါဝင်မှုသည် လူ့အခွင့်အရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့မြှင့်တင်ရန်အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ မည်သူမျှ နောက်ကျမကျန်စေရဆိုသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၃၀ ကတိကဝတ်အတွက်လည်း အဓိကကျပါသည်။

စာမျက်နှာ ၇ သို့ ✻

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာနှင့် အောင်ပန်းမြိုင် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်ဖြစ်သည့် **“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”** ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိအခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြရာ တာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့်(ငြိမ်း)က ဘိုးဘွားရိပ်သာတွင် အဘိုး ၁၂၀ နှင့် အဘွား ၅၉ ဦးကို အဘိုးဆောင်၊ အဘွားဆောင်များ၌ စနစ်တကျ လက်ခံစောင့်ရှောက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘိုးဘွားဆေးကုသဆောင်၌ ဆေးကုသမှုခံယူနေသော အဘိုး ၁၂ ဦးကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကာ အလှူငွေများ ပေးအပ်ပြီး ဓမ္မာရုံ၌ ဘိုးဘွားများ တရားဘာဝနာ ရှုမှတ်နေမှုကို ကြည့်ရှုသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၂၈ ဒသမ ၀၇၇ သန်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်တွင် ဖွင့်လှစ်ထားသော အောင်ပန်းမြိုင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ သွားရောက်ပြီး ကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ အလှူငွေနှင့် ကလေးများအတွက် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းကာ ကလေးများအိပ်ဆောင်နှင့် စားရိပ်သာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းဂေဟာတွင် ယောကျ်ားလေး ၄၂ ဦး၊ မိန်းကလေး ကိုးဦးကို လက်ခံစောင့်ရှောက်ထားရာ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု ပထမအဆင့် ဂေဟာဖြစ်ပြီး နှစ်စဉ်ဆန်ဖိုးနှင့် စားစရိတ်တို့ ထောက်ပံ့ပေးလျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အောင်ပန်းမြိုင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၂၄ ဒသမ ၈၄ သိန်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကျိုင်းတုံ နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကတ်ထိုက်ကျေးရွာအုပ်စု တင်ထပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများသည် တင်ထပ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

တင်ထပ်ကျေးရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူများကို အဌမအကြိမ်မြောက် ရန်ပုံငွေကျပ်သိန်း ၄၀၀ အထိထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၂



✽ စာမျက်နှာ ၆ မှ

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ရေး ကတိကဝတ်သည် တရားမျှတမှုအတွက်သာမက အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂကဆိုပါသည်။ လက်ရှိအချိန်သည် ကမ္ဘာအနှံ့အပြား၌ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများ၊ ပဋိပက္ခများ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု စသည့်အပြန်အလှန်ဆက်နွယ်နေသည့် အကျပ်အတည်းများသည် လူသားတို့အတွက် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။

ယင်းသို့သော အခြေအနေတွင် မသန်စွမ်းသူများကဲ့သို့ ထိခိုက်လွယ်သော အခြေအနေရှိသည့်သူများသည် အခြားသူများထက်စာပါက နောက်ကျကျန်ရစ်နိုင်သည့် အခြေအနေဖြစ်ပါသည်။ ယင်းအခြေအနေတွင် အစိုးရ၊ လူထုနှင့် ပုဂ္ဂလိကကဏ္ဍများပူးပေါင်း၍ မသန်စွမ်းသူများအတွက် ဆန်းသစ်သောအဖြေရှာဖွေရန် အရေးကြီးလှပါသည်။ သို့မှသာ မသန်စွမ်းသူများအတွက် လက်လှမ်းမီပြီး တန်းတူညီမျှမှုရှိသော ဝန်းကျင်များကို ဖန်တီးနိုင်မည်ဖြစ်သည်။

**မသန်သော်လည်း စွမ်းပါသည်**

မသန်စွမ်းသူများအား မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် အခြားနယ်ပယ်အသီးသီးမှ လူမှုအဖွဲ့အစည်းများတွင် ဘေးဖယ်ချန်လှပ်ထားခြင်းမျိုးမပြုဘဲ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်စေရေး အားလုံးကြိုးစားဆောင်ရွက်သွားကြမည်ဖြစ်သည်။ မသန်စွမ်းသူများအနေဖြင့်လည်း စိတ်ဆင်းရဲအားငယ်မှုများမဖြစ်ကြဘဲ ဘဝကိုကြံ့ကြံ့ခံရင်ဆိုင်၍ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းအောင် လေ့ကျင့်နေထိုင်ကြပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

မသန်စွမ်းသူများသည် မျက်စိမမြင်၊ နားမကြားသော်လည်း မိမိတို့စွမ်းရည်ကို ပြသနိုင်သူများဖြစ်သည်။ ကိုယ်လက်အင်္ဂါချို့တဲ့သော်လည်း သာမန်လူများကဲ့သို့ စွမ်းဆောင်နိုင်သူများဖြစ်သည်။ ဥပမာဆိုရလျှင် မသန်စွမ်းတစ်ဦးဖြစ်သော Stephen William Hawking သည် Cambridge တက္ကသိုလ်မှ ဒေါက်တာဘွဲ့ ရရှိထားသော ကမ္ဘာကျော် ရူပဗေဒပညာရှင်တစ်ဦးဖြစ်သည်။

ပါရှားနိုင်ငံမှ မသန်စွမ်းမိန်းမငယ်လေးတစ်ဦးဖြစ်သော Fatemeh Hamami Nasrabadi သည် ပန်းချီကားများကို ခြေထောက်ဖြင့် ရေးဆွဲပြီး ကမ္ဘာပေါ်ရှိ ခြေထောက်ဖြင့် ဆွဲထားကြသည့်ပန်းချီများအနက် လူသိများသော နာမည်ကြီးပန်းချီဆရာမတစ်ဦးဖြစ်သည်။ မြန်မာ့သမိုင်းကို လေ့လာကြည့်လျှင်လည်း ထိပ်တန်းစာဆိုကြီးစလေဦးပုညသည် လက်တစ်ဖက် မသန်စွမ်းသူဖြစ်ကြောင်း သိရသည်။

မသန်စွမ်းများကို လူအများက လျစ်လျူရှု၍မနေသင့်ဘဲ မိမိတို့စွမ်းသမျှကူညီရမည်ဖြစ်သည်။ လက်တွဲခေါ်ယူဖေးမကြရမည်ဖြစ်သည်။ နောင်လာမည့်အနာဂတ်တွင် မသန်စွမ်းသူများအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်လာနိုင်စေမည့် နည်းလမ်းများကို ရှာဖွေကြံဆပေးကြရမည်ဖြစ်သည်။ သို့မှသာ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြင့်မားမှုသည် တိုင်းပြည်အတွက် အကျိုးရှိသောအခန်းကဏ္ဍမှ ခိုင်မာစွာရပ်တည်နိုင်မည်ဖြစ်ကြောင်းရေးသားရင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ (International Day of Persons with Disabilities) ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

> **“မသန်စွမ်းသူများသည် ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးတို့သည် အရေးကြီးပါသည်။ နိုင်ငံတော်အစိုးရနှင့် ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ကြိုးစားမှုစွမ်းအားများကြောင့် မသန်စွမ်းသူများ၏လှုပ်ရှားမှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရှိလာခဲ့ပြီးဖြစ်သည်။ ပန်းချီ၊ ဓာတ်ပုံပြပွဲပြိုင်ပွဲများ၊ ပိုးဇာပုံနှိပ်၊ ကြိမ်ထိုး၊ ဆံသ၊ ကွန်ပျူတာ၊ အနှိပ်ပညာ စသည်ဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်”**

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities (2023)

“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”

“United in action to rescue and achieve the SDGs for, with and by persons with disabilities”

၃.၁၂.၂၀၂၃ နေပြည်တော်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇေယျာသီရိမြို့နယ်၌ စပါးသားဆက်လိုင်းများ ရွေးချယ်ခြင်း စမ်းသပ်ကွက်ပြုလုပ်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး ပညာပေးသင်တန်း ဆွေးနွေးပွဲသို့ တက်ရောက်နေသည့် တောင်သူများအား သွားရောက်တွေ့ဆုံပြီး စိုက်ပျိုး၊ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးပြီး ကျွမ်းကျင်ပညာရှင်များဖြင့် ဆွေးနွေးခြင်း၊ သင်တန်းများ ပို့ချခြင်းဖြင့် တောင်သူများ များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို သမားရိုးကျ မိရိုးဖလာ စိုက်ပျိုးနည်းမှတစ်ဆင့် ခေတ်မီနည်းပညာများဖြင့် စိုက်ပျိုးနိုင်ရေး၊ ရည်မှန်းချက်ပန်းတိုင် အထွက်နှုန်းများရရှိအောင် စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှု အပြည့်အဝ အောင်မြင်အောင် အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် ရိတ်သိမ်းနိုင်ရေးကို ဌာနဆိုင်ရာများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး တောင်သူများ၏ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု ပင်လောင်းလမ်းဘေး တောင်သူဦးကြည်လွင်၏ လယ်ကွင်း၌ စပါးသားဆက်လိုင်းများရွေးချယ်ခြင်းနှင့် စမ်းသပ်ကွက်ပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့တော်ဝန် ဦးဗိုလ်ဌေး သာကေတမြို့နယ်နှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်အတွင်း လမ်းခင်းခြင်းလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်အတွင်း လမ်းများအဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဆောင်ရွက်နေသည့် သာကေတမြို့နယ် သန်လျင်တံတားချဉ်းကပ်လမ်း ကတ္တရာကွန်ကရစ်(AC) ခင်းကျင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဆောင်ရွက်နေသည့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၆၁)ရပ်ကွက်အတွင်း ရတနာလမ်းနှင့် မြနန္ဒာလမ်းအကြား ချင်းတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် မြို့တော်ခန်းမပထမထပ်ရှိ အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်သော ရန်ကုန်မြို့တော် ဘဏ်လီမိတက်၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့၏(၇/၂၀၂၃–၂၀၂၄) အစည်းအဝေးများသို့တက်ရောက်၍ ဘဏ်ဒါရိုက်တာအဖွဲ့က ရှင်းလင်းတင်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း၊ ဘဏ်စာရင်းစစ်ကော်မတီ၏ အစီရင်ခံစာ၊ ပြင်ပစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ ဘဏ်လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာငွေကြေးအခြေအနေ၊ ချေးငွေဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးမူဝါဒ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲထားရှိမှုနှင့် အထွေထွေကိစ္စရပ်များအပေါ် မြို့တော်ဝန်နှင့်တာဝန်ရှိသူများက အပြန်အလှန်ဖြည့်စွက်ဆွေးနွေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **တနင်္သာရီတိုင်းဒေသကြီးမှ**

အဓိက ပင်လယ်ရေသန့်ရှင်းမှုကြောင့် ရေထွက်ကုန်လည်း အရည်အသွေးကောင်းတဲ့သဘော ဖြစ်ပါတယ်”ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

တနင်္သာရီ တိုင်းဒေသကြီးမှ ထွက်ရှိသော ရေထွက်ကုန်များသည် အရည်အသွေးကောင်းမွန်ပြီး ပနားမီးပုစွန်ဖြူသည် သန့်ရှင်းလတ်ဆတ်သဖြင့် ပြည်ပနိုင်ငံများက နှစ်သက်ကြခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့အကြား MoU ရေးထိုးထားပြီးဖြစ်ရာ ပင်လယ်ပြင်ဖမ်းဆီးတင်ပို့မှုမှ ရေငန်ပုစွန်မွေးမြူတင်ပို့မှုအထိ အခွင့်အလမ်းများစွာ ရရှိလာပြီဖြစ်သည်။

ရေငန်ပုစွန်ကို နှစ်ဧကခွဲလျှင် တစ်ကန်နှုန်းဖြင့် ခြောက်ပေအနက်တွင် ရေငန်ပုစွန်ကောင်ရေ နှစ်သန်းမှ လေးသန်းအထိ မွေးမြူလျက်ရှိပြီး ရေလှောင်ကန်၊ ပိုးသတ်ကန်တို့ထားရှိကာ ဧက ၁၀၀ တွင် ရာခိုင်နှုန်း ၄၀ မွေးမြူထုတ်လုပ်လျက်ရှိကြောင်း၊ ပုစွန်ဖြူမျိုးစိတ်သားလောင်းများကို ထိုင်းနိုင်ငံမှ ဝယ်ယူ၍ အဆင့်ဆင့်မွေးမြူပြီး သုံးလကျော် လေးလခန့်အကြာ၌ ရောင်းတန်းဝင်အဆင့်သို့ ရောက်ရှိကြောင်း သိရသည်။

ပင်လယ်ပြင်တွင် ငါးသယံဇာတရှားပါးလာခြင်း၊ ပို့ဆောင်မှုနှင့် သယ်ယူစရိတ်မြင့်မားလာခြင်း၊ ဈေးကွက် မတည်ငြိမ်ခြင်းတို့ကြောင့် ဈေးကွက်နှင့်ဝင်ငွေသေချာသော ရေငန်ပုစွန် မွေးမြူထုတ်လုပ်တင်ပို့မှုကို လုပ်ငန်းရှင်တို့ စိတ်ဝင်စားလာကြခြင်းဖြစ်သည်။

တနင်္သာရီ တိုင်းဒေသကြီး၌ ကော့သောင်းခရိုင် Grand Adman Co.,Ltd တွင် ၁၂၄ ဒသမ ၆၂ ဧက၌ ပုစွန်မွေးကန် ၁၈ ကန်၊ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြည့်ဖြိုးထွန်း ကုမ္ပဏီတွင် ၈၃၂ ဧက၌ ပုစွန်မွေးမြူရေးကန် ၁၀၅ ကန်၊ ခိုင်ဇင်ယော်ကုမ္ပဏီ(မစမ်းပါး)တွင် ၅၃၁ ဒသမ ၀၅ ဧက၌ ပုစွန်မွေးကန် ၅၃ ကန်၊ ပုလောမြို့နယ် ရွှေကံမော်ကုမ္ပဏီတွင် ၂၉၉ ဒသမ ၇၇ ဧက၌ ပုစွန်မွေးမြူရေးကန် ၂၅ ကန်နှင့် ထားဝယ်ခရိုင် ရေဖြူမြို့နယ် The Best Myanmar Co.,Ltd တွင် ဧက ၄၀ ၌ ပုစွန်မွေးမြူရေးကန် ရှစ်ကန်တို့ဖြင့် ရေငန်ပုစွန်မွေးမြူသောမြေဧက ၁၈၂၇ ဒသမ ၄၄ ဧက၌ ပုစွန်မွေးမြူရေးကန်ပေါင်း ၂၀၉ ကန်တို့တွင် လေးလခန့်တစ်ကြိမ်ဖြင့် မွေးမြူထုတ်လုပ်လျက်ရှိသည်။

ကုမ္ပဏီတစ်ခုလျှင် ရေငန်ပုစွန်ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့်အထက် ရရှိလျက်ရှိပြီး မွေးမြူရေးကုမ္ပဏီများ တိုးပွားလာပါက ပြည်ပပို့ကုန်ဝင်ငွေတိုးမြှင့် ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ– ကနူး**



တနင်္သာရီ တိုင်းဒေသကြီးမှ ထွက်ရှိသည့် ပနားမီးပုစွန်ဖြူများ ဈေးကွက်အတွင်း တင်ပို့ရောင်းချရန် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။



❖ **ရှေ့ဖုံးမှ**

ရှင်ခရမ်းချဉ်သီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၁၂၀၀၀ မှ ၂၂၀၀၀ ဈေးအထိရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

“လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကိုအများဆုံး ရောက်ရှိလာတာပါ။ အင်းသီးတွေက အရောင်းအဝယ်တွေ ကောင်းနေကြပါတယ်။ ရှင်သီးတွေလည်း အရောင်းအဝယ်ကောင်းနေပါတယ်။ တစ်နေ့ကို ကားက ရှင်ဒေသဘက်က ခြောက်စီးနဲ့ အင်းလေးဒေသဘက်က ကားစီးရေ ၂၀ ကျော် ပုံမှန်ဝင်ရောက်နေပါတယ်။ တာနဲ့ပြောရမယ်ဆိုရင် အချိန် ၄၀၀၀ လောက် ဝင်ပါတယ်။ အရောင်းအဝယ်ကတော့ ကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိတော့ပါဘူး။ အင်းလေးဒေသနဲ့ ရှင်ဒေသက ခရမ်းချဉ်သီးတွေပဲ ထွက်တော့တယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလည်း ပုံမှန်အရောင်းအဝယ် ကောင်းနေပါတယ်” ဟု ၎င်းက ပြောသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များ ကောင်းလျက်ရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန်သည့်ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ အာလူးနှင့် ကြက်သွန်များလည်း ပုံမှန်အရောင်းအဝယ်များ ကောင်းနေကြောင်း သိရသည်။ **မောင်အေးချမ်း**

# စိတ်အညစ်အကြေးကို ဖြူစင်စေဖို့ဆိုရာဝယ်

**မောင်မောင်လင်း**

အခုဆောင်းပါးမှာ ညစ်နွမ်းနေတဲ့စိတ်၊ တစ်နည်း စိတ်ရဲ့အညစ်အကြေးတွေကို ဘယ်လို ဖြူစင်အောင် လုပ်ရမလဲဆိုတာကို ရေးသားသွားမှာပါ။ တချို့သောပုဂ္ဂိုလ်တွေကတော့ တရားထိုင်ပါလို့ တိုက်တွန်းမှာပေါ့။ ပါမောက္ခချုပ်ဆရာတော်ကြီး ကတော့ မိမိစိတ်ကိုဆင်ခြင်ခြင်း (Contemplation) ဟာအလွန်အရေးကြီးတယ်၊ တရားထိုင်ပြီး သမာဓိ ထူထောင်ခြင်း (Concentration) လုပ်တာထက် ပိုမိုအကျိုးရှိစေတယ်လို့တောင် ဟောကြားခဲ့ဖူးပါတယ်။

မြတ်ဗုဒ္ဓရဲ့တရားတော် အနှစ်ချုပ်ဟာ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား" ဆိုတဲ့အတိုင်း နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ကို ကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ်၊ သံသရာဝဋ်ဆင်းရဲထဲမှာ ကျင်လည်နေရ ခိုက် ဆင်းရဲဒုက္ခတွေ နည်းနိုင်သမျှနည်းအောင် ကျင့်သုံးနေထိုင်တဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် စိတ်ထားဖြူစင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ မြတ်စွာဘုရားက စိတ်ညစ်နွမ်းနေလို့ရှိရင် အခြေအနေဆိုးတစ်ခု ရင်ဆိုင်ရလိမ့်မယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။ စိတ်ညစ်နွမ်းမှုဟာ အပါယ်ငရဲကို ကျစေနိုင်ပြီး စိတ်ညစ်နွမ်းနေရင် လွဲမှားတဲ့အကျင့်ကို ကျင့်လို့ ဒုက္ခကိုသာ မျှော်လင့်ရတယ်၊ စိတ်စင်ကြယ်သန့်ရှင်းပြီး မညစ်နွမ်းဘူးဆိုရင် ချမ်းသာသုခဖြစ်လာနိုင်တယ်။ ခြုံငုံပြီးပြောရမယ်ဆိုရင် "စိတ်ညစ်နွမ်းရင် ဒုက္ခရောက်တယ်၊ စိတ်ဖြူစင်ရင် ချမ်းသာသုခ ရနိုင်တယ်" လို့ ဆရာတော်ကြီးရဲ့တရားမှာ နာယူခဲ့ဖူးပါတယ်။

## ဖြူစင်သောစိတ်ထားအတွက် ပြင်ဆင်ထားရမယ့် အခြေခံအချက်များ

မင်္ဂလာရှစ်ပါးတရားတော်မှာ အရေးကြီးဆုံးက အမှန်သိအောင် လုပ်ရမယ်ဆိုတာ အရေးကြီးဆုံးပါ။ အမှန်သိဖို့ဆိုရင် ရှေးဦးစွာစိတ်ဖြူစင်အောင်လုပ်ဖို့ အရေးကြီးတယ်။ စိတ်ဟာ အိမ်မှာသုံးတဲ့ ကြည့်မှန် လိုမျိုးမို့ မှန်ကြေးမုံက မှုန်မှုန်ဝါးဝါးမရှိဘဲ ကြည်ကြည်လင်လင်ဖြစ်လေလေ၊ ရုပ်ပုံက ပီပီ ပြင်ပြင်ဖြစ်လေလေဆိုတာမျိုးပါ။ ကိုယ့်စိတ်အခြေ အနေက စင်ကြယ်လေလေ၊ မိမိရဲ့သန္တာန်မှာရှိတဲ့ သဘာဝတရားတွေကို ပီပီပြင်ပြင်မြင်ရလေလေ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးက စိတ်ကြည်လင်ဖို့ ကြိုးစားမယ်ဆိုရင် အကုသိုလ် ဒုစရိုက်ဆယ်ပါးကို လုပ်ရမှာ ရှက်တတ်တဲ့၊ ကြောက်တတ်တဲ့စိတ်မျိုး အရင်တည်ဆောက်ပါ။ ပြီးရင် ကာယကံ၊ ဝစီကံနဲ့ မနောကံအားလုံး စင်ကြယ်အောင် လုပ်ရမယ်၊ စားဝတ်နေရေးအတွက် ပြည့်စုံအောင်လုပ်နေရတဲ့ အသက်မွေးမှုစင်ကြယ် အောင်လည်း လုပ်ရမယ်။ နောက်တစ်ချက်ကတော့ စိတ်ဖြူစင်နေဖို့ဆိုရင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေခြောက်ပါးကို ထိန်းသိမ်း စောင့်ရှောက်ဖို့လိုတယ်။ ထိန်းတယ်ဆိုတဲ့အဓိပ္ပာယ် က မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေ ခြောက်ပါး တံခါးခြောက်ပေါက်ကနေပြီး နှစ်သက် စရာဆိုရင် လောဘ၊ မုန်းတီးစရာဆိုရင် ဒေါသ၊ အသိဉာဏ်ကင်းမဲ့လို့ရှိရင် မောဟဖြစ်တတ်တယ်။ ဒါကြောင့် အကုသိုလ်မဖြစ်ရအောင် သတိဆိုတာနဲ့ ဆို့ပိတ်ပြီး အသိပညာနဲ့ ဖယ်ရှားပစ်နေမယ်ဆိုရင် ဣန္ဒြေကို လုံအောင်လုပ်တာလို့ ဆရာတော်ကြီးက ဟောကြားခဲ့ပါတယ်။ အစာအာဟာရ စားတဲ့အခါမှာ လည်း ဆင်ခြင်တုံတရားနဲ့စားဖို့ လိုအပ်တယ်၊ ကြိုက်လို့ စားတာလား၊ စားသင့်လို့ စားတာလား ဆိုတဲ့နှစ်ခုအနက် ခန္ဓာကိုယ်ကြီး တည်တံ့ဖို့၊ အသက်ရှည်ဖို့နဲ့ အလုပ်လုပ်နိုင်ဖို့ဆိုတဲ့ မှန်ကန်တဲ့ ရည်ရွယ်ချက်ကိုသိပြီးတော့ အတိုင်းအတာနဲ့ စားရမယ်လို့လည်း ဆရာတော်ကြီးက ဟောကြားတော်မူခဲ့ပါသေးတယ်။

စိတ်အညစ်အကြေးကို ဖယ်ရှားတဲ့အခါမှာ ကိလေသာနဲ့ အကုသိုလ်ဖြစ်စေတဲ့ နီဝရဏတရား ငါးပါးကို နိုးနိုးကြားကြား၊ ကြိုးကြိုးစားစားနဲ့ ဖယ်ရှားနေရမယ်၊ မေ့မေ့လျော့လျော့မနေရဘူး၊ လုပ်ချင်တဲ့အခါလုပ်၊ မလုပ်ချင်တဲ့အခါနေဆိုတာမျိုး မဟုတ်ဘဲ လုပ်ရမယ်။ အဲဒီနီဝရဏတွေဟာ စိတ် ပူပန်ဆင်းရဲစေတတ်ပြီး ပညာဉာဏ်တွေကို အားပျော့သွားစေတယ်၊ မှုန်ဝါးသွားစေတယ်၊ မှုန်ဝါး သွားတဲ့အသိဉာဏ်နဲ့ ဘယ်လိုမှ မှန်မှန်ကန်ကန်မမြင် နိုင်တော့ဘူး၊ သဘာဝကို မမြင်နိုင်ဘူး၊ ဒါကြောင့်မို့ အသိဉာဏ်ကို မှုန်ဝါးအားပျော့သွားစေနိုင်တဲ့ ဒီစိတ်ရဲ့အညစ်အကြေးတွေကို ဖယ်ရှားပစ်ရမယ် လို့လည်း ဆရာတော်ကြီးက ဟောကြားခဲ့ပါတယ်။

> **"စိတ်ရဲ့အညစ်အကြေးတွေ ခြုံငုံနေတဲ့ နီဝရဏတရားငါးပါးမှာ ပါဝင်တာတွေက အဘိဇ္ဈာဆိုတဲ့အာရုံတစ်ခုခုကြောင့် လိုချင်တပ်မက်စိတ်ဖြစ်ပေါ်တတ်တဲ့ တဏှာလောဘ ဖြစ်လာတာမျိုး၊ ဗျာပါဒဆိုတဲ့လူတွေက ကောင်းတာနဲ့တွေ့ရင် လောဘဖြစ်သလို မကောင်းတာနဲ့တွေ့ရင် ဒေါသဖြစ်တာမျိုး၊ ထိနမိဒ္ဓဆိုတဲ့ အိပ်ချင်စိတ်၊ ထိုင်းမှိုင်း၊ စိတ်ဓာတ်တွေ ကျနေတာမျိုး၊ ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတဲ့ အာရုံတစ်ခုတည်းမှာ စိတ်ကို စုစည်းမရတာ၊ စိတ်တွေ လွင့်ပျံ့နေတာ၊ တွေးပြီးတော့ စိတ်ပူနေတာ၊ စိတ်မကောင်းဖြစ်နေတာမျိုးနဲ့ ဝိစိကိစ္ဆာ ဆိုတဲ့ ကုသိုလ်တရားနဲ့ပတ်သက်ပြီး သို့လော သို့လော တွေးတောတာ၊ သံသယဖြစ်နေတာနဲ့ အမှားအမှန်ကို မသိတာမျိုးတို့ပဲဖြစ်ပါတယ်။ တူညီတဲ့ဖယ်ရှားနည်းကတော့ အဲဒီအကြောင်း အရာနဲ့စပ်လျဉ်းပြီးဟောပြောပေးနိုင်မယ့် ကလျာဏမိတ္တဆိုတဲ့ မိတ်ကောင်းဆွေကောင်း ရှိရမယ်၊ သင့်တင့်လျောက်ပတ်တဲ့တရားစကားကို နာယူမှတ်သားဖို့လည်းလို"**

## နီဝရဏတရားငါးပါး

စိတ်ရဲ့ အညစ်အကြေးတွေ ခြုံငုံနေတဲ့ နီဝရဏ တရားငါးပါးမှာ ပါဝင်တာတွေက **အဘိဇ္ဈာ**ဆိုတဲ့ အာရုံတစ်ခုခုကြောင့် လိုချင်တပ်မက်စိတ်ဖြစ်ပေါ် တတ်တဲ့ တဏှာလောဘဖြစ်လာတာမျိုး၊ **ဗျာပါဒ** ဆိုတဲ့လူတွေက ကောင်းတာနဲ့တွေ့ရင် လောဘဖြစ် သလို မကောင်းတာနဲ့တွေ့ရင် ဒေါသဖြစ်တာမျိုး၊ **ထိန မိဒ္ဓ** ဆိုတဲ့ အိပ်ချင်စိတ်၊ ထိုင်းမှိုင်း၊ စိတ်ဓာတ် တွေ ကျနေတာမျိုး၊ **ဥဒ္ဓစ္စ ကုက္ကုစ္စ** ဆိုတဲ့ အာရုံ တစ်ခုတည်းမှာ စိတ်ကို စုစည်းမရတာ၊ စိတ်တွေ လွင့်ပျံ့နေတာ၊ တွေးပြီးတော့ စိတ်ပူနေတာ၊ စိတ်မကောင်းဖြစ်နေတာမျိုးနဲ့ **ဝိစိကိစ္ဆာ** ဆိုတဲ့ ကုသိုလ်တရားနဲ့ပတ်သက်ပြီး သို့လော သို့လော တွေးတောတာ၊ သံသယဖြစ်နေတာနဲ့ အမှားအမှန် ကို မသိတာမျိုးတို့ပဲဖြစ်ပါတယ်။ တူညီတဲ့ ဖယ်ရှား နည်းကတော့ အဲဒီအကြောင်းအရာနဲ့စပ်လျဉ်းပြီး ဟောပြောပေးနိုင်မယ့် ကလျာဏမိတ္တဆိုတဲ့ မိတ်ကောင်းဆွေကောင်းရှိရမယ်၊ သင့်တင့် လျောက်ပတ်တဲ့ တရားစကားကို နာယူမှတ်သားဖို့ လည်း လိုတယ်လို့ ဆရာတော်ကြီးက ဟောကြားခဲ့ ပါတယ်။ တစ်ခုချင်းအလိုက် ဖယ်ရှားရမယ့် နည်းလမ်းတွေကတော့–

(၁) အဘိဇ္ဈာဆိုတဲ့တဏှာဟာ မျက်စိနဲ့ အာရုံတစ်ခုခု မြင်လိုက်လို့ရှိရင် အဲဒီအာရုံပေါ်မှာ တွေးနေ တတ်တယ်လေ၊ ကိုယ်ကြိုက်တာလေးမြင်လိုက် တယ်ဆိုရင် လှလိုက်တာ၊ လိုချင်လိုက်တာဆိုပြီး စိတ်ကတောင် မဟုတ်တော့ဘဲ နှုတ်ကတောင် ထုတ်ပြောမိလာတယ်။ နောက်ဆုံးတော့ ရအောင်ကြိုးစားတယ်။ ဒါကြောင့် အာရုံတစ်ခု မှာ ငြိလိုက်ရင် အဲဒီအာရုံကို လိုချင်တဲ့လောဘ အတွေးကို မဖြစ်စေနဲ့၊ သတ္တဝါအပေါ် တွယ်တာ မှုကို အသုဘဘာဝနာနဲ့ ဖယ်ရှားပစ်ရမယ်။

(၂) ဗျာပါဒဆိုတဲ့ ကောင်းတာနဲ့တွေ့ရင် လောဘ ဖြစ်သလို မကောင်းတာနဲ့တွေ့ရင် ဒေါသဖြစ်လာ ခဲ့ရင် ကြည်လင်အေးမြတဲ့စိတ်၊ ခွင့်လွှတ်သည်းခံ ပြီး အကျိုးစီးပွားကို လိုလားတဲ့စိတ်နဲ့ နေနိုင် အောင် ကြိုးစားရမယ်။ ဗျာပါဒဆိုတဲ့ ဒေါသကို ဖယ်ရှားနိုင်ဖို့ မေတ္တာရဲ့အာရုံနိမိတ်ယူပြီး ကိုယ်နဲ့ခင်မင်တဲ့ပုဂ္ဂိုလ် (လိင်တူသူ) အပေါ် မေတ္တာဘာဝနာပွားရမယ်။ မေတ္တာရဲ့ အကျိုး ကျေးဇူးကို ဆင်ခြင်စဉ်းစားသလို ဒေါသရဲ့အပြစ် ကို ဆင်ခြင်စဉ်းစားခြင်းဖြင့်လည်း ဗျာပါဒဆိုတဲ့ စိတ်အညစ်အကြေးကို ဖယ်ရှားနိုင်တယ်လို့ ဆရာတော်ကြီးက ဟောကြားခဲ့ပါတယ်။

(၃) ထိန မိဒ္ဓဆိုတာ အိပ်ချင်စိတ်၊ ထိုင်းမှိုင်း၊စိတ်ဓာတ် တွေ ကျနေတာမျိုးဖြစ်နေရင် အသိဉာဏ်လည်း လျော့ကျသွားတယ်၊ အိပ်ချင်လာပြီဆိုရင် ကြေးမုံပြင်ကြီး မှုန်ဝါးလာသလိုမျိုး ပီပီပြင်ပြင် မမြင်တာမျိုးမဖြစ်ရအောင် ပီပီပြင်ပြင်မြင်နိုင် ဖို့ရာ စိတ်ထဲမှာ အလင်းရောင်ကို တည်ဆောက်ရ မယ်၊ အမှောင်ထဲမှာနေရင် အိပ်ချင်တယ်၊ ကြောက်တဲ့သူဆိုရင်လည်း ကြောက်တယ်၊ အလင်းရောင်ကို နှလုံးသွင်းထားနိုင်ရင် အကြောက်ပြေမယ်၊ စိတ်မှာ ရှင်းလင်းလာမယ်။

(၄) ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတဲ့ အာရုံတစ်ခုတည်းမှာ စိတ် ကို စုစည်းမရတာ၊ စိတ်တွေ လွင့်ပျံ့နေတာ၊ တွေးပြီးတော့ စိတ်ပူနေတာ၊ စိတ်မကောင်း ဖြစ်နေတာမျိုးဟာ စိတ်ရဲ့ငြိမ်းချမ်းမှုကိုဖျက်ဆီး ပစ်တတ်လို့ စာဖတ်တာမျိုးနဲ့ သိချင်တာတွေ စူးစမ်းခြင်းဖြင့် ဗဟုသုတရှာမှီးရမယ်။ မေးခွန်း မေးဖို့ စဉ်းစားရမှာဖြစ်လို့ မေးခွန်းမေးတတ် တဲ့ အလေ့အထလုပ်ရမယ်။ ဆုံးမတဲ့အချက် အလက်တွေ၊ စည်းမျဉ်းစည်းကမ်းနဲ့ ပတ်သက် တာတွေကို ကျွမ်းကျင်လိမ္မာအောင် လုပ်ရမယ်။ ကိုယ့်ထက် အသက်အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်တွေ ထံ ဆည်းကပ်ပြီး ဗဟုသုတရှာမှီးတာကနေ စိတ်ငြိမ်းချမ်းမှုရစေတယ်လို့ ဆရာတော်ကြီးက ဟောကြားခဲ့ပါတယ်။

(၅) ဝိစိကိစ္ဆာ ဆိုတာ ကုသိုလ်တရားနဲ့ ပတ်သက်ပြီး သို့လော သို့လော တွေးတောတာ၊ သံသယ ဖြစ်နေတာနဲ့ အမှားအမှန်ကို မသိတာတို့အပေါ် ဗဟုသုတ ဆည်းပူးရမယ်၊ မေးမြန်းတတ်ရမယ်၊ အဆင့်မြင့်တဲ့ မေးခွန်းထုတ်နိုင်ရမယ်။ စည်း မျဉ်းစည်းကမ်းနဲ့ ပတ်သက်ပြီးတော့လည်း ကျွမ်းကျင်လိမ္မာမှုရှိရမယ်။ အရာရာဆုံးဖြတ် နိုင်ရမယ်၊ ဆုံးဖြတ်တတ်တဲ့ အလေ့အကျင့် ရှိရမယ်။

နီဝရဏတရားတွေကို မြတ်စွာဘုရားက ဥပမာနဲ့ ဟောထားတယ်၊ အဘိဇ္ဈာလောဘဟာ ကြွေးနဲ့တူတယ်တဲ့၊ မဆပ်နိုင်သေးသမျှ ကြွေးရှင်ရှေ့ ရောက်ရင် ကြွေးတင်နေတဲ့သူဟာ ပြားပြားဝပ်နေရ တယ်၊ ကျေနပ်အောင် လုပ်ပေးရတယ်။ ဒီကြွေးရှိနေ သမျှ ကာလပတ်လုံး စိတ်မအေးနိုင်ဘူး။ သူများ ကြွေးတွေ မရှိတော့ဘူးဆိုမှ လက်မထောင်နိုင်မှာ ဖြစ်လို့ အဲဒါတွေကို စိတ်ထဲကနေ ဖယ်ရှားပစ်ပြီး ကြွေးကင်းတဲ့လူလို ခံစားရလိမ့်မယ်၊ ဒါမှမဟုတ်လို့ အဲဒါတွေရှိနေရင် ကြွေးတင်နေတဲ့ပုဂ္ဂိုလ်လိုအရာရာ မှာ အရှုံးပေးနေရတယ်။

ဗျာပါဒကတော့ ရောဂါနဲ့တူတယ်။ ရောဂါ ဖြစ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ စားမဝင် အိပ်မပျော်ဖြစ်နေသလိုမျိုး စိတ်ဆိုးဒေါသထွက်နေ တဲ့သူဟာလည်း ထိုနည်းအတိုင်းပဲဖြစ်နေမယ်။ ရောဂါပျောက်လို့ ကျန်းမာလာတဲ့ပုဂ္ဂိုလ် တစ်ယောက်လို ခံစားပျော်ရွှင်နိုင်ဖို့ ဗျာပါဒဆိုတဲ့ စိတ်အညစ်အကြေးကို ဖယ်ရှားပစ်နိုင်အောင် ကြိုးစားပါ။ ကိုယ်စိတ်ထိုင်းမှိုင်းခြင်းဆိုတဲ့ ထိန မိဒ္ဓ ကတော့ ထောင်ကြီးနဲ့တူတယ်။ ထောင်ကျနေတဲ့ လူတစ်ယောက်ဟာ ဘာပွဲလမ်းသဘင်မှ ပါဝင်ခွင့် မရှိတာမျိုး၊ သံသရာကြီးထဲမှာ အလွန်ကိုအိပ်ချင်နေ တဲ့ အိပ်မောကျနေတဲ့လူဟာ ကောင်းတာကိုလည်း မသိနိုင်တော့လို့ သစ္စာတရားနာခွင့်ရမှာ မဟုတ်ဘူး။ ဥဒ္ဓစ္စ ကုက္ကုစ္စ ဆိုတာ စိတ်လေနေခြင်း၊ သံသယ ဝင်နေခြင်းကြောင့် ကျွန်ဘဝနဲ့တူပြီး ဘာမှမလွတ် လပ်၊ အရှင်သခင်တွေ ခိုင်းတာပဲလုပ်ရတယ်။ ကိုယ့်ကိုယ်ကိုယ် မပိုင်တဲ့ဘဝဖြစ်လို့ ဘာမှဆုံးဖြတ်ခွင့် မရှိဘူး။ ဒါတွေလွှမ်းမိုးနေရင် ဘာတရားရဲ့အရသာ ကိုမှ ခံစားနိုင်မှုမရှိတာမျိုးပေါ့။ ကျွန်ဘဝက လွတ်ပြီး ကိုယ့်ကိုယ်ကိုယ်ပိုင်လာတဲ့ ပုဂ္ဂိုလ်မှသာ ကိုယ့်ဟာကို ရွေးချယ်လာနိုင်ပြီးတော့ ကောင်းနိုး ရာရာလေးသိရှိလာနိုင်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာရမယ်။ ဝိစိကိစ္ဆာဟာ ကန္တာရခရီးကြီးနဲ့ တူတယ်။ လူဆိုးဓားပြတွေ အလွန်များတဲ့ကန္တာရ ခရီးကြီးထဲ သွားရသလို ကိုယ့်မှာပါတဲ့ ရတနာတွေ ကို အလုခံရမှာ ကြောက်နေရသလို အမြဲတမ်း သံသယနဲ့ ဘယ်နားမှာများ တွေ့မတုံးဆိုပြီး စိတ်စနိုးစနောင့်ဖြစ်နေလိမ့်မယ်။ ဝိစိ ကိစ္ဆာ ဖယ်ရှား ပစ်လိုက်လို့ရှိရင် ကုသိုလ်ကောင်းမှုထဲမှာ စိတ်ဟာ အေးချမ်းသွားလိမ့်မယ်ဆိုပြီး မြတ်စွာဘုရားက ဟောကြားခဲ့တယ်လို့ ဆရာတော်ကြီးရဲ့တရားတော် မှာ နာယူခဲ့ရဖူးပါတယ်။

ဒါကြောင့် ကြွေးနဲ့တူတဲ့ အဘိဇ္ဈာတဏှာ လောဘ၊ ရောဂါနဲ့တူတဲ့ ဗျာပါဒ၊ ထောင်နဲ့တူတဲ့ ထိန မိဒ္ဓ၊ ကျွန်ဘဝနဲ့တူတဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ကန္တာရနဲ့ တူတဲ့ ဝိစိကိစ္ဆာ စတဲ့စိတ်ရဲ့အညစ်အကြေးတွေကို ဖယ်ရှားနိုင်အောင် ကြိုးစားနေမှသာ သစ္စာလေးပါး ကို မြင်နိုင်မှာ၊ နိဗ္ဗာန်ကို မြင်နိုင်မှာဖြစ်တယ်။ ဝိသာခါဟာ ခုနစ်နှစ်သမီးအရွယ်သာ ရှိသေးပေမယ့် လည်း တရားနာရုံနဲ့ သောတပန်ဖြစ်သွားတယ် ဆိုတာက ဒါတွေကို ဖယ်ရှားသွားနိုင်ပြီး ကြည်ကြည် လင်လင်ပီပီပြင်ပြင်မြင်နိုင်ခဲ့လို့သာ ဖြစ်တယ်လို့ ဆရာတော်ကြီးရဲ့တရားတော်မှာ နာယူခဲ့ရဖူးပါ တယ်။

**စာမျက်နှာ ၁၁ သို့** ✤

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၃)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများ၊ ဆက်သွယ်ရေးကိစ္စရပ်များ၊ ခရီးသွားလာခွင့်ဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ လောကာနန္ဒာစေတီတော်အတွင်း၌ ပြည်နယ်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဆရာတော်သံဃာတော်များအား ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရာသီတုပ်ကွေး ကာကွယ်ဆေးထိုးနှံနေမှုအား လှည့်လည်ကြည့်ရှုဖူးမြော်ကြသည်။

**ထိုးနှံပေး**

ဆရာတော်ကြီးများအား ကာကွယ်ဆေးမထိုးနှံမီ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးကြပြီး ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံပေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



---

✤ စာမျက်နှာ ၁၀ မှ

### အထင်အမြင်နှင့်အစွဲ (Perception နှင့် Bias)

စိတ်အညစ်အကြေးကို ဖယ်ရှားတဲ့အခါမှာ အခြားသူတွေအပေါ်မှာ လွယ်လွယ်နဲ့ အထင်အမြင်မမှားတတ်စေဖို့ အတွက်လည်း မိမိကိုယ်ကို ပြုစုပျိုးထောင်ထားရပါမယ်။ ဘာလို့လဲဆိုတော့ လူတွေမှာ Perception နဲ့ Bias ဆိုတာရှိပါတယ်။ အကြောင်းအရာတစ်ခုခုကို တွေ့မြင်ကြားသိလိုက်ရတာနဲ့ပဲ မိမိရဲ့အထင်နဲ့အမြင် (Perceptions) ကို အခြေခံပြီး မိမိရဲ့ရှိရင်းအစွဲ (Biases) တွေနဲ့ ပေါင်းလိုက်ပြီးတော့ Correspondent Inferences လို့ခေါ်တဲ့ လိုသလိုကောက်ချက်ဆွဲတတ်ပါတယ်။ ကိစ္စရပ်တိုင်းမှာ တစ်ခါတည်းနဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ Internal Cause ကြောင့်ဖြစ်မယ်ဆိုပြီး ကောက်ချက်တန်းမချသင့်ဘဲ External Factor ကြောင့် ဖြစ်နိုင်သေးတယ်ဆိုတာကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ ဥပမာအားဖြင့် အချိန်နောက်ကျပြီးရောက်လာရုံလေးနဲ့တော့ ဒီလူဟာ တော်တော်အချိန်မလေးစားတတ်သူလို့ တန်းပြီးကောက်ချက်မချသေးဘဲ ပြင်ပက အကြောင်းတရားတွေဖြစ်တဲ့ လမ်းမှာ ယာဉ်ကြောပိတ်နေတာလား၊ ကားပျက်နေတာလား စသည်ဖြင့် အရင်စဉ်းစားပါ၊ အဲဒါကြောင့် မဟုတ်ဘူးဆိုရင်တောင်မှ အခြားသောချိန်းဆိုမှုမျိုးမှာရော သူနောက်ကျတတ်လေ့ရှိလားပေါ့၊ ခဏခဏနောက်ကျတတ်တာလား၊ ကျန်တဲ့သူတွေရော ဒီလိုပဲနောက်ကျတတ်လား စသည်ဖြင့် ဘက်ပေါင်းစုံက စဉ်းစားပြီးမှ ဆုံးဖြတ်သင့်တာပေါ့။ အထင်အမြင်မှားလွယ်တဲ့အစွဲ Perceptional Biases ၇ ချက်ရှိပါတယ်–

(၁) ပင်ကိုရှိရင်း အကြောင်းခြင်းရာကြောင့်လို့ ယူဆချက်အမှား (Fundamental Attribution Error) ကြောင့် ပြင်ပသက်ရောက်မှုကို လုံးဝထည့်သွင်းမစဉ်းစားဘဲ လူတစ်ဦးတစ်ယောက်ရဲ့ အတွင်းပင်ကိုဗီဇကြောင့်လို့ မှားယွင်းစွာကောက်ချက်ချခြင်းမျိုးကို အလုပ်ခွင်ထဲမှာရော၊ အင်တာဗျူးနဲ့ လူစိစစ်ရွေးချယ်ရာမှာရော မကြာခဏတွေ့ရှိနေရပါတယ်။ ပြင်ပအကြောင်းခြင်းရာကိုပါ ထည့်သွင်းစဉ်းစားနေရင် ရှုပ်ထွေးခက်ခဲမှာစိုးရိမ်ပြီး ဦးနှောက်ကို အပင်ပန်းမခံချင်လို့ ဖြစ်ရတာပါ။

(၂) ကိုယ်ရောင်ကိုယ်ဝါရဲ့ သက်ရောက်မှု (Halo Effect) မှာ သူ့ရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ Horn Effect ဆိုတာရှိပါသေးတယ်။ Negative Horn Effect ကို Devil Effect လို့လည်း ခေါ်နိုင်ပါတယ်။ ဘယ်လိုလဲဆိုတော့ မိမိစိတ်နဲ့ အကြိုက်မတွေ့သူတစ်ယောက် အလုပ်ခွင်မှာ တစ်ခုခုအမှားလုပ်မိတာလေးနဲ့ပဲ ဒီလူအလုပ်လုပ်တာပုံကိုမလာဘူးဆိုတာမျိုးပါ၊ အရင်တစ်ခေါက်သူဘယ်လောက်တော်နေနေပေါ့။ အဲဒါနဲ့ဆန့်ကျင်ဘက် Positive Horn Effect ကို Halo Error လို့လည်းခေါ်ပါတယ်။ မိမိကြိုက်တဲ့သူများတစ်ခုလောက်လေး ကောင်းအောင်လုပ်ပြနိုင်တာနဲ့ကို သူ့လောက်တော်တဲ့၊ တတ်တဲ့သူ မရှိတော့သလိုမျိုး အကဲဖြတ်တတ်တာမျိုးဖြစ်ပါတယ်။

(၃) သူတော်ချင်းသတင်းလွေ့လွေ့ဖြစ်မှု (Similar to Me Effect) မှာ သူနဲ့အကြိုက်ဝါသနာတူတဲ့သူကို မနှစ်ခြိုက်တာမျိုးလည်း ရှိတတ်ပေမယ့် အဲဒါမျိုးက တော်တော်တော့ရှားပါတယ်။

(၄) လိုချင်တာကိုသာ ကြိုရွေးထားမှု (Selective Perception) နဲ့ ဆက်နွယ်တဲ့အကောင်းဆုံးဥပမာတစ်ခုကတော့ ၁၉၂၀ ပြည့်နှစ်မှာ ကားထုတ်လုပ်သူတွေထဲမှာ ဆရာ့ဆရာကြီးဟင်နရီဖို့ဒ် မှားခဲ့တဲ့အမှားပါ။ ဒီလောက် Vioionary ကောင်းတဲ့သူမျိုး ဘယ်လိုဖြစ်ရတာလဲပေါ့။ သူက ပုံစံသစ်ကားအမျိုးအစားထုတ်လုပ်နေတဲ့ Production Line ကို ပိတ်ပစ်လိုက်ပြီး လက်ရှိလူကြိုက်များဆဲဖြစ်နေတဲ့ မိုဒယ်မှာပဲ ပုံအောမယ်ပေါ့။ ဒါပေမဲ့ အဲဒီအချိန်မှာ လူတွေဟာ ပိုက်ဆံပိုရှိလာသလို ပိုကောင်းတဲ့ ဇိမ်ခံကားစီးနိုင်ဖို့အတွက် အချိန်ပေးပြီး စောင့်ဆိုင်းနိုင်တယ်ဆိုတဲ့အပေါ် သူကြိုတင်မစဉ်းစားနိုင်ခဲ့တာကြောင့် သူ့အများကြီးကြိုထုတ်လုပ်ထားမိတဲ့ အမည်းရောင်ပုံစံဟောင်းကားတွေ ဈေးကွက်မှာ အရောင်းထိုင်းပြီး ပုပ်ကုန်သိုးကုန်လို ဖြစ်ခဲ့ရတယ်လေ။ ဒါကြောင့် ဟိုးခပ်ဝေးဝေး Look Beyond အထိမြင်အောင်ကြည့်တတ်ဖို့လည်း လိုအပ်တာပေါ့။

(၅) ပထမဆုံး အကဲဖြတ်ထားမှုအပေါ် ကိုင်စွဲထားတဲ့အမှား (First Impression Error) နဲ့ ဆက်နွယ်တဲ့ သုတေသနပြုမှုတစ်ခုအရ လူတွေ့အင်တာဗျူးမတိုင်မီ ဖိုင်ထဲမှာပါတဲ့ အချက်အလက်အရ ကြိုပြီးအကဲဖြတ်ထားလိုက်တာမျိုးမှာ ကောင်းတယ်လို့ ထင်ထားတဲ့သူနဲ့ လူတွေ့စစ်ဆေးချိန်မှာ ပိုပြီးအဆင်ပြေချောမွေ့တယ်၊ ညံ့တယ်လို့ ထင်ထားတဲ့သူတွေကို ဗျူးတဲ့အခါ မကျကျအောင်ကို ချပစ်တတ်ကြတာမျိုးအထိ တွေ့ရှိခဲ့ပါတယ်။

(၆) ကြိုတင်ဟောကိန်းထုတ်နိုင်စွမ်းရှိမှု (Self–fulfilling Prophesies) မှာ Pygmalion Effect ဆိုတာရှိပြီး Rosenthal Effect လို့လည်း ခေါ်တယ်။ တော်တယ်လို့ ကြိုမျှော်လင့်ထားတဲ့သူရဲ့စွမ်းဆောင်ရည်ကို ကောင်းမယ်လို့သာ အကဲဖြတ်တတ်လေ့ရှိပြီး အဲဒါနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ Golem Effect အရ မတော်ဘူးလို့ ထင်ထားတဲ့သူဆိုရင် ဘယ်လိုပဲလုပ်ပြနိုင်နိုင် မကောင်းဘူးပေါ့။ သုတေသနပြုမှုတစ်ခုမှာ အမှတ်တစ်ရာအပြည့်ရထားတဲ့ အတော်ဆုံးသူတွေရော၊ အလယ်အလတ်နဲ့ ခပ်ညံ့ညံ့လူတွေရော အားလုံးကို ရောသမမွှေပြီး အုပ်စုသုံးစုဖွဲ့ပေးလိုက်တယ်။ ပြီးတော့မှ အမှတ်ပေးရမယ့် နည်းပြတွေကို ဒီအုပ်စုက The Best၊ ဒါကတော့ အလယ်အလတ်၊ ဒါကတော့ အညံ့တွေဆိုပြီး အကဲဖြတ်ခိုင်းလိုက်ပါတယ်၊ အကောင်းဆုံးတွေဆိုတဲ့အုပ်စုပဲ အမှတ်အများဆုံးရသွားတာမျိုး တွေ့ရှိခဲ့ပါတယ်။

(၇) ပုံသေကားကျမှတ်ယူတတ်မှု (Stereotypes) ကြောင့် အဆိုးနဲ့အကောင်း ရလဒ်နှစ်ခုထွက်တတ်ပါတယ်။ အကောင်းထင်ထားရင် Stereotype ကြောင့် ကောင်းမှာဖြစ်သလို၊ အဆိုးထင်ထားလို့ကတော့ အဆိုးပဲဖြစ်မှာပါ။ လူတိုင်းမှာ အဲဒီလိုပြဿနာမျိုးရှိနိုင်တယ်ဆိုတာ သဘောပေါက်ဖို့လည်း လိုအပ်ပါတယ်။ လူတွေဟာ ယေဘုယျအားဖြင့် ပျင်းတတ်ကြတော့ ဦးနှောက်ကို အားသိပ်စိုက်မထုတ်လိုကြဘူးလေ။ သေချာစဉ်းစားတွေးခေါ်ဆုံးဖြတ်ရမယ့်အစား ခပ်ပေါ့ပေါ့၊ ခပ်လွယ်လွယ်တွေးပြီး ကောက်ချက်ချတတ်လို့ပဲ ဖြစ်ပါတယ်။

### အဂတိတရားလေးပါး

စိတ်အညစ်အကြေးကို ဖယ်ရှားတဲ့အထဲမှာ မိမိရဲ့ ပြောဆို၊ ပြုမူ၊ နေထိုင်၊ လုပ်ကိုင်ဆောင်ရွက်မှုတွေဟာ အဂတိတရားလေးပါး ကင်းစင်နေဖို့လည်း လိုအပ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားဟာ သိင်္ဂါလလုလင်ကို မဟာကရုဏာတော်မြတ်နဲ့ ရှောင်ကြဉ်ရမယ့် ကမ္မကိလေသတရားလေးပါးကို ပြဋ္ဌာန်းတော်မူခဲ့ပြီး အဂတိတရားလေးပါးကို မလိုက်စားအပ်ကြောင်း ဆုံးမတော်မူခဲ့ပါတယ်။

အဲဒီ အဂတိတရားလေးပါးကတော့ (၁) ဆန္ဒာဂတိ (၂) ဒေါသာဂတိ (၃) မောဟာဂတိ (၄) ဘယာဂတိတို့ပဲဖြစ်ပါတယ်။ ပုထုဇဉ်ဖြစ်ကြတဲ့ လူသားတွေအနေနဲ့ ကိစ္စရပ်တစ်ခု၊ အကြောင်းခြင်းရာတစ်ရပ်သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးနဲ့စပ်လျဉ်းပြီး ဆုံးဖြတ်ဆောင်ရွက်ရမယ့်အချိန်မှာ အဂတိတရားလေးပါး (Corrupted Bias) လို့ ခေါ်တဲ့ ညစ်နွမ်းမှုရှိနေတဲ့ အစွဲတွေကို ရှောင်ရှားနိုင်မှသာ လုပ်ငန်းခွင်နဲ့ လူမှုဆက်ဆံရေးနယ်ပယ်မှာ ပြောဆို၊ လုပ်ကိုင်ရတဲ့အခါ မှန်ကန်စွာပြုမူလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်–

(၁) **ဆန္ဒာဂတိ (ချစ်ခင်လို့ မလိုက်သင့်တဲ့ဘက်ကို လိုက်တာ၊ မပြုသင့်တာကို ပြုတာမျိုး)။** ဆွေမျိုးတော်စပ်လို့ဖြစ်ဖြစ်၊ ရင်းနှီးခင်မင်လို့ဖြစ်ဖြစ်၊ ချစ်ခင်အောင် လိုက်လျောခံရလို့ဖြစ်ဖြစ်၊ တံစိုးလက်ဆောင် လာဘ်လာဘယူပြီးဖြစ်ဖြစ် မိမိရဲ့တာဝန်ဝတ္တရား၊ ကိုယ်ကျင့်တရားတို့ကနေ တိမ်းစောင်းချွတ်ချော်ပြီး မပြုသင့်၊ မပြုအပ်တာကို ပြုတာမျိုးဖြစ်ပါတယ်။

(၂) **ဒေါသာဂတိ(စိတ်ဆိုးလို့ မလိုက်သင့်တဲ့ဘက်ကို လိုက်တာ၊ မပြုသင့်တာကို ပြုတာမျိုး)။** မုန်းတီးတာရယ်၊ ရန်ငြိုးထားတာရယ်၊ အာဃာတထားတာရယ် စတဲ့အရာတွေအပေါ် အခြေခံပြီး မိမိပြုလုပ်ရမယ့်အရာကို သမာသမတ်မရှိဘဲ လျော်ညီစွာ ကျင့်ရမယ့်တရားထုံးတမ်းကနေ တိမ်းစောင်းချွတ်ချော်သွားတာမျိုး ဖြစ်ပါတယ်။

(၃) **မောဟာဂတိ (ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေတာကြောင့် မလိုက်သင့်တဲ့ဘက်ကို လိုက်တာ၊ မပြုသင့်တာကို ပြုတာမျိုး)။** အမှန်နှင့်အမှား၊ အကောင်းနှင့် အဆိုး၊ အကျိုးနှင့်အပြစ်၊ သမ္မာနှင့် မိစ္ဆာ၊ ဓမ္မနှင့် အဓမ္မတို့ကို ခွဲခြမ်းဝေဖန် စိစစ်ဉာဏ်ကင်းမဲ့တာကြောင့် တာဝန်ဝတ္တရားနဲ့အညီ ဖြောင့်မတ်စွာ မဆောင်ရွက်တာမျိုးဖြစ်ပါတယ်။

(၄) **ဘယာဂတိ (ကြောက်ရွံ့လို့ မလိုက်သင့်တဲ့ဘက်ကိုလိုက်တာ၊ မပြုသင့်တာကိုပြုတာ)။** အကြောက်တရားရဲ့ ဖိစီးနှိပ်စက်မှုကြောင့် လူ့အားမာန်၊ လူ့သတ္တိကင်းမဲ့စွာနဲ့ တိုက်ရိုက်ဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးဖြစ်ဖြစ် ခြိမ်းခြောက်အကျပ်ကိုင်နေတဲ့ အဓမ္မဝါဒီအင်အားစုတို့ရဲ့ အလိုကျ အမှန်တရားကနေ ကင်းကွာဆန့်ကျင်ပြီး ဆောင်ရွက်တာမျိုးဖြစ်ပါတယ်။

အဂတိတရားလိုက်စားတာနဲ့ ပတ်သက်တဲ့ အကျိုးအပြစ်ကတော့ "အဂတိတရား လေးပါးကို လိုက်စားပြုကျင့်သူဟာ လဆုတ်အခါ လမင်းရဲ့အရောင်အဝါဟာ တစ်နေ့တခြားလျော့ပါးဆုတ်ယုတ်တာမျိုးလို စည်းစိမ်ဥစ္စာနဲ့တကွ ဂုဏ်ကျေးဇူးကျော်စောခြင်းတို့ဟာ လျော့ပါးဆုတ်ယုတ်တတ်ပါတယ်။ အဂတိတရားလေးပါးကို မလိုက်စားမပြုကျင့်သူဟာ လဆန်းအချိန်အခါမှာ လမင်းရဲ့အရောင်အဝါဟာ တစ်နေ့တခြားထွန်းလင်းတောက်ပသလိုမျိုး ကျက်သရေ၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာတို့ဟာ တစ်နေ့တခြား ကျော်ကြားတိုးတက်ပေါ်လွင်ထင်ရှားမှာဖြစ်တယ်" လို့ ဗုဒ္ဓဘာသာရေးအဆုံးအမတွေမှာ ဖော်ပြထားတာကို တွေ့ရှိရပါကြောင်း။ ။

# မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်(ရေ)မှ စစ်ရေယာဉ်သုံးစင်း၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း စစ်သင်္ဘောများအား လေ့လာခြင်းများအပါအဝင် တပ်မတော်နှစ်ရပ်အကြားနှင့် နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်နေမှုအခြေအနေများ၊ ၂၈-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသများမှာ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာနိုင်ငံတွေနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီနေ့မှာတော့ မြန်မာနိုင်ငံအတွင်းမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ တရုတ်နိုင်ငံသား အမျိုးသား ၅၁၁ ဦး၊ အမျိုးသမီး ၂၀၃ ဦး စုစုပေါင်း ၇၁၄ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများကို ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်း ၉၉၀၈ ဦးရှိပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ချစ်ကြည်ရေးအလည်အပတ်ခရီးနဲ့ ပင်လယ်ပြင်လေ့ကျင့်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(တပ်မတော်ရေ)မှ စစ်ရေယာဉ်သုံးစင်း အနေနဲ့ ဒီနေ့မှာတော့ စစ်ရေယာဉ်ပေါ်မှာပါလာတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(တပ်မတော်ရေ)မှ အရာရှိ၊ စစ်သည်များက ရန်ကုန်မြို့ထဲမှာ လေ့လာခြင်း၊ ပင်လယ်ပြင်လက်တွေ့လုပ်ငန်းအတွက် ဆွေးနွေးမှုများပြုလုပ်ခြင်း၊ မြန်မာနိုင်ငံ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များအနေနဲ့ တရုတ်ရေတပ်မတော်မှ စစ်သင်္ဘောများအပေါ်မှာ တက်ရောက်လေ့လာခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် သန်လျင်မှာရှိတဲ့ စာသင်ကျောင်းတစ်ခုကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(တပ်မတော်ရေ)က တာဝန်ရှိသူတွေသွားရောက်ပြီး ကျောင်းသုံးစာအုပ်တွေ၊ ကျောင်းသုံးပစ္စည်းတွေ လှူဒါန်းခဲ့တာတွေ့ရပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအနေနဲ့ အစိုးရချင်းရင်းနှီးစွာ၊ နီးကပ်စွာ ဆက်ဆံလျက်ရှိပြီး တပ်မတော်နှစ်ရပ်အနေနဲ့လည်း ရင်းနှီးစွာ၊ နီးကပ်စွာ ဆက်ဆံဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဒီနေ့မှာတော့ NUG အကြမ်းဖက်အဖွဲ့က သမ္မတအမည်ခံပုဂ္ဂိုလ်က တရုတ်နဲ့မြန်မာချစ်ကြည်ရေးမှာ အနှောင့်အယှက်ဖြစ်စေနိုင်တဲ့၊ တရုတ်နဲ့မြန်မာ ချစ်ကြည်ရေးကို ထိခိုက်အောင် ဆောင်ရွက်လာတဲ့ စကားမျိုးတွေပြောလာတာကို တွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နှစ်နိုင်ငံလုံးရဲ့ နှစ်နိုင်ငံ ပြည်သူလူထုနှစ်ရပ်လုံးက သတိရှိစွာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့သည် နီးကပ်စွာ၊ ရင်းနှီးစွာဆက်ဆံနေတဲ့ အိမ်နီးနားချင်းနိုင်ငံများ ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို သမိုင်းအစဉ်အဆက် လေးစားလိုက်နာပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံများ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေကို ကျူးလွန်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ ပြည်သူကိုဓားစာခံလုပ်ပြီး ဆောင်ရွက်နေတဲ့ကိစ္စတွေကိုလည်း တွေ့ရပါတယ်။ TNLA အဖွဲ့အနေနဲ့ ကျောက်မဲမြို့မှာ စစ်ရေးနဲ့မသက်ဆိုင်တဲ့ နေရာတွေမှာ ဝင်ရောက်နေရာယူတယ်။ ပြည်သူကို အကာအကွယ်လုပ်ပြီးတော့ တပ်မတော်ကို တိုက်ခိုက်တာမျိုးတွေရှိပါတယ်။ ကျွန်တော်တို့ပြောခဲ့သလိုပါပဲ။ သူတို့ဆီက သေဆုံးဒဏ်ရာရသူတွေရှိရင် ပြည်သူတွေပဲသေသလိုလို၊ ပြည်သူတွေကိုပဲ တပ်မတော်အနေနဲ့ အန္တရာယ်ပေးသလို ဆောင်ရွက်နေတာမျိုးတွေ၊ ဝါဒဖြန့်နေတာမျိုးတွေ ဒီနေ့မှာတွေ့ရပါတယ်။ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ ရေစကြိုမြို့နယ် အောင်းပန်းချောင်း ကျေးရွာက အထက်တန်းပြဆရာမတစ်ဦးကို ရက်ရက်စက်စက်လည်လှီးပြီး သတ်တဲ့ဖြစ်စဉ်မျိုးတွေလည်း ဖြစ်ပွားခဲ့ကြောင်းတွေ့ရပါတယ်။ ဒီလို လူမဆန်တဲ့ လုပ်ရပ်မျိုးတွေဟာ ပြည်သူလူထုအားလုံးက ဝိုင်းဝန်းဆန့်ကျင်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။




ဒီနေ့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများအနေနဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာတော့ ကုန်းကြမ်းဒေသမှာ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ဖြစ်ပွားနေဆဲပဲ ဖြစ်ပါတယ်။ လောက်ကိုင်မြို့ထဲကို MNDAA အကြမ်းဖက်အဖွဲ့အနေနဲ့ ရှေ့တိုက်ဒုံးသုံးလုံးနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပေါက်တောမှာ လူနေရပ်ကွက်တွေကို အကာအကွယ်ယူပြီး AA အဖွဲ့အနေနဲ့ လုံခြုံရေးတပ်စခန်းတွေ၊ လုံခြုံရေးဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်ကို လာရောက်ပစ်ခတ်ခဲ့တာရှိပါတယ်။ ပြန်လည်ခုခံချေမှုန်းခဲ့တာရှိပါတယ်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေမှာတော့ ရေစွာစခန်းကိုလာရောက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ ဆက်လက်ခုခံတိုက်ခိုက်နေဆဲပဲဖြစ်ပါတယ်။ ဒီနေ့ပြောချင်တာကတော့ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ အခုလို အခြေအနေမျိုးမှာ ကောလာဟလသတင်းများဖြန့်ချိခြင်း၊ သူတို့ အနိုင်ရနေသယောင်ဖြန့်ချိခြင်းများ ဆောင်ရွက်ပြီး လုပ်ဆောင်နေတာရှိပါတယ်။ တပ်မတော်အနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်ရဲ့ နယ်မြေတွေကို လုံခြုံမှုရှိအောင် ထိန်းသိမ်းတဲ့ နေရာမှာ အကြမ်းဖက်အဖွဲ့များအနေနဲ့ ပြည်သူလူထုကို ဓားစာခံလုပ်ပြီး မြို့တွေ၊ ရွာတွေမှာရှိတဲ့ အဆောက်အအုံတွေ၊ ပြည်သူလူထုရဲ့ အဆောက်အအုံတွေကို ဓားစာခံလုပ်ပြီး၊ အကာအကွယ်ယူပြီး တိုက်ခိုက်နေတာမျိုးလည်းရှိပါတယ်။ ဒါတွေဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ပြည်သူလူထုရဲ့နေရာတွေ၊ နိုင်ငံပိုင်၊ ပြည်သူပိုင်အဆောက်အအုံတွေကို တိုက်ရိုက်ထိခိုက်စော်ကား နှောင့်ယှက်ဖျက်ဆီးခြင်းပဲဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက သဘောပေါက်ပြီး၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး တွေ့မြင်နိုင်ပြီး အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းဆန့်ကျင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

## လက်ပံတန်းမြို့နယ်၌ တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်

**လက်ပံတန်း နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ စိုက်ပျိုးသီးနှံများ ရောဂါနှင့်ပိုးမွှားကျရောက်ခြင်းမှ ကာကွယ်နိုင်ရေး၊ သီးနှံများ အထွက်တိုးပြီး ဝင်ငွေပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများနှင့် ပတ်သက်သည့် နည်းပညာပေးသင်တန်းကို ယနေ့မွန်းလွဲ ၁ နာရီက ချမ်းသာကုန်းကျေးရွာအုပ်စု စိုက်ပျိုးရေးအထွက်တိုးစခန်း၌ ကျင်းပသည်။

**ရှင်းလင်းပြသ**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညဏ်မြင့်နှင့် ဝန်ထမ်းများက ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာသုံးစွဲရန် နည်းလမ်းများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲသည့်နည်းလမ်းများနှင့် အခြားစိုက်ပျိုးရေးနည်းပညာများကို ဆွေးနွေးပြီး ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးသည့်နည်းစနစ်များကို Projector ဖြင့် ရှင်းလင်းပြသဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ကျွန်းကလေး၊ ချမ်းသာကုန်း၊ ကြို့ပင်စခန်းနှင့် ကွမ်းခြံကျေးရွာအုပ်စုများမှ တောင်သူ ၃၀ တက်ရောက်ပြီး တောင်သူများက သိလိုသည်များတင်ပြဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အစ္စရေးနှင့် ဟားမတ်စ်ပဋိပက္ခဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန် အရှေ့အလယ်ပိုင်းသို့ ထပ်မံသွားရောက်ရန် စီစဉ်



ဝါရှင်တန် နိုဝင်ဘာ ၂၈

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်သိုနီဘလင်ကန်က ယခုသီတင်းပတ်အတွင်း အရှေ့အလယ်ပိုင်းသို့ သွားရောက်ရန် စီစဉ်ထားပြီး ဂါဇာကမ်းမြောင်ဒေသရှိ အရှေ့အလယ်ပိုင်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးရန် စီစဉ်ထားကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အစ္စရေးနှင့် ပါလက်စတိုင်း အစ္စလာမ္မစ်အဖွဲ့ ဟားမတ်စ်တို့ကြား ပဋိပက္ခများ အောက်တိုဘာ ၇ ရက်က စတင်ခဲ့ပြီးနောက် ဘလင်ကန်၏ တတိယအကြိမ်မြောက် ခရီးစဉ်လည်းဖြစ်သည်။

**ပြောကြား**

ဘလင်ကန်က အစ္စရေးနိုင်ငံ အနောက်ဘက်ကမ်းနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ သွားရောက်မည်ဖြစ်ကြောင်းလည်း အင်န်အိတ်ချ်ကေသတင်းဌာနနှင့် အခြားသောမီဒီယာများအား ပြောကြားခဲ့သည်။

ဘလင်ကန်သည် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ညီလာခံလက်ရှိတက်ရောက်နေသည့် ဘရပ်ဆဲလ်မှ အရှေ့အလယ်ပိုင်းဒေသသို့ ဆက်လက်ထွက်ခွာရန် မျှော်လင့်ရသည်။

ဘလင်ကန်သည် ဂါဇာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများတိုးမြင့်လာမှုကို ထိန်းသိမ်းရန်နှင့် ဓားစာခံအားလုံးကို လွှတ်ပေးရန် လိုအပ်ကြောင်း အလေးပေးပြောကြားထားပြီး ဂါဇာကမ်းမြောင်၏ အနာဂတ်ကို လုံခြုံစေရေးလွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ ထူထောင်ရန် လိုအပ်ကြောင်းလည်း ၎င်းက အလေးပေးပြောကြားဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



# ဟားမတ်စ်အဖွဲ့က စတုတ္ထအသုတ်ဓားစာခံများကို လွှတ်ပေး

ဂျေရုဆလင် နိုဝင်ဘာ ၂၈

ဟားမတ်စ်အဖွဲ့သည် ဂါဇာတွင် ထိန်းသိမ်းထားသော အစ္စရေးဓားစာခံများကို စတုတ္ထအသုတ်အဖြစ် နိုဝင်ဘာ ၂၇ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး အစ္စရေးနှင့် ဟားမတ်စ်တို့အကြား အပစ်အခတ်ရပ်စဲရေးကို နောက်ထပ်နှစ်ရက် သက်တမ်းတိုးရေးအတွက် သဘောတူခဲ့ကြောင်း သိရသည်။ အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရာတွင် ဟားမတ်စ်အဖွဲ့က ကြက်ခြေနီအရာရှိများထံ ဓားစာခံ ၁၁ ဦးကို လွှဲပြောင်းပေးခဲ့ကြောင်း ပါလက်စတိုင်းသတင်းရပ်ကွက်မှ ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန၏ လူမှုမီဒီယာပလက်ဖောင်း တွစ်တာတွင် ထုတ်ပြန်ချက်အရ ဟားမတ်စ်အဖွဲ့က ပြန်လွှတ်ပေးခဲ့သည့် ဓားစာခံ ၁၁ ဦးတွင် အစ္စရေး-ပြင်သစ် သုံးဦး၊ အစ္စရေး-ဂျာမန်နှစ်ဦးနှင့် အစ္စရေး-အာဂျင်တီးနားနိုင်ငံသားခြောက်ဦးတို့ ပါဝင်သည်။ အပြန်အလှန်အားဖြင့် အစ္စရေးဘက်မှ အရွယ်မရောက်သေးသူ အယောက် ၃၀ နှင့် အမျိုးသမီး သုံးဦးအပါအဝင် ပါလက်စတိုင်း အကျဉ်းသား ၃၃ ဦးကို ပြန်လည်လွှတ်ပေးမည်ဟု ကာတာဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

ကနဦး လေးရက်ကြာ သဘောတူညီချက်အရ ဟားမတ်စ်သည် အစ္စရေးအကျဉ်းထောင်များမှ ပါလက်စတိုင်း အကျဉ်းသား ၁၅၀ ခန့်ကို လဲလှယ်ပြီး အစ္စရေး ဓားစာခံ ၅၀ ကို လွှတ်ပေးမည်ဖြစ်သည်။ အပစ်အခတ် ရပ်စဲရေး သက်တမ်းတိုးမှုကို ယခင်အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်တွင် ဖော်ပြထားသည့် စည်းမျဉ်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဥမင်လိုဏ်ခေါင်းအတွင်း ပိတ်မိနေသည့် ဆောက်လုပ်ရေးလုပ်သားများကို ကယ်ဆယ်နိုင်ခဲ့

နယူးဒေလီ နိုဝင်ဘာ ၂၈

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်ရှိ Silkyara ဥမင်လှိုင်ခေါင်းအတွင်း သီတင်းနှစ်ပတ်ကျော်ကြာ ပိတ်မိနေခဲ့သည့် ဆောက်လုပ်ရေးလုပ်သားများကို ကယ်တင်နိုင်ခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

၎င်းဖြစ်စဉ်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် ကယ်ဆယ်ရေးလုပ်သားများအား ချီးကျူးဂုဏ်ပြုကြောင်း ဝန်ကြီးချုပ် မိုဒီက ပြောကြားသည်။

ကယ်ဆယ်ရေးသမားများသည် လိုဏ်ခေါင်းအဝင်ဝတွင်ပိတ်မိနေသည့် လုပ်သားများကို ကယ်တင်နိုင်ရေးအတွက် အကြိမ်ပေါင်းများစွာ တူးဖော်နေစဉ် ၎င်းတို့၏ စက်ယန္တရားကြီးများ ပျက်စီးခဲ့သည်။ ထို့ကြောင့် ယမန်နေ့နှင့် ယနေ့တွင် ကိရိယာဖြင့် ဥမင်လိုဏ်ခေါင်းကို တူးဖော်ခဲ့ရသည်။ အိန္ဒိယနိုင်ငံ ဟိမဝန္တာ တောင်တန်းအောက် ၄ ဒသမ ၅ ကီလိုမီတာအကွာရှိ အဆိုပါ ဥမင်လိုဏ်ခေါင်းတွင် ဆောက်လုပ်ရေးလုပ်သားများ ၁၇ ရက်ကြာ ပိတ်မိနေခဲ့ပြီး ပိုက်လိုင်းမှတစ်ဆင့် အစာ၊ ရေ၊ အောက်ဆီဂျင်နှင့် ဆေးဝါးများ ရရှိခဲ့သည်။

ယခုဖြစ်စဉ်တွင် ဥမင်လိုဏ်ခေါင်းအတွင်း ပိတ်မိခဲ့သည့်လုပ်သားများအား ဆေးရုံတွင် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

**ကိုးကား-သည်တိုင်းစ်အော့ဖ်အိန္ဒိယ၊**

**အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**




# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ မြို့ပြပတ်ဝန်းကျင်တိုးတက်စေရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာသန်း ၁၈၀ ထုတ်ချေးရန် အတည်ပြု




အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၈

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်သည့် မြို့နှစ်မြို့ဖြစ်သော ရာဝယ်ပင်ဒီနှင့် ဘာဟာဝယ်ပါတို့၌ ရေပေးဝေရေးနှင့် အမှိုက်စီမံခန့်ခွဲမှုဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ထုတ်ချေးရန် အတည်ပြုခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။ .

အဆိုပါ ချေးငွေထုတ်ချေးခြင်းသည် လူပေါင်း ၁ ဒသမ ၅ သန်းကို အကျိုးပြုနိုင်မည်ဟု မျှော်လင့်ထားပြီး ပန်ဂျပ်ပြည်နယ် ပတ်ဝန်းကျင်နှင့် တိုးတက်နေသော စည်ပင်သာယာရေး ဝန်ဆောင်မှုများသည် ရာဝယ်ပင်ဒီနှင့် ဘာဟာဝယ်ပါရှိ မြို့ပြရေပေးဝေမှုကို တိုးချဲ့ခြင်းနှင့် ခေတ်မီအောင်လုပ်ဆောင်ခြင်းဖြင့် မြေအောက်ရေ အလွန်အကျွံထုတ်ယူခြင်းနှင့် မြို့ပြပတ်ဝန်းကျင် ပျက်စီးခြင်းတို့ကို တားဆီးနိုင်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ .

အဆိုပါစီမံကိန်းသည် ရာဝယ်ပင်ဒီမြို့၏ အိမ်ခြေ ၈၂၀၀၀ အတွက် မီတာချိတ်ဆက်မှုနှင့်အတူ နေ့စဉ် ရေလီတာ ၅၄ သန်း ပေးစွမ်းနိုင်သော ရေသန့်စင်စက်ရုံကို တည်ဆောက်ရန် ကူညီပေးမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် ဘာဟာဝယ်ပါမြို့ရှိ အမှိုက်စုဆောင်းခြင်းဆိုင်ရာ စွန့်ပစ်ပစ္စည်းစုဆောင်းခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန် ပိုမိုကောင်းမွန်သောလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Zan Nyan Wine" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၅) ရပ်ကွက်နေ စျာန်ဉာဏ်ပိုင်း(ခ) ဖိုးချိုအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ "Hninaye Hninaye" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက် (၂)နေ နှင်းနှင်းအေးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေတက္ကသိုလ်၌ တပ်မတော်မှ တပ်စွဲနေသည်ဟု ပြည်သူလူထု အထင်မြင်လွဲမှားစေရန် သတင်းတု သတင်းမှားများ ဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၂၈

AA အဖွဲ့၏ ထိုးစစ်အရှိန်မြင့်လာသဖြင့် စစ်တွေတက္ကသိုလ်ဝင်းထဲ၌ နိုဝင်ဘာ ၂၇ ရက်တွင် တပ်မတော်သားများ ဝင်ရောက်တပ်စွဲနေရာယူပြီး မြို့တွင်းအထပ်မြင့်အဆောက်အအုံများပေါ်၌ အထိုင်ချရန် ပြင်ဆင်နေကြောင်းနှင့် ထိုသို့နေရာယူခြင်းသည် ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်ဝန်ထမ်းများ၊ ဆရာ ဆရာမများအား လူသားဒိုင်းအဖြစ် အသုံးချခြင်းဖြစ်သည်ဟု မဟုတ်မမှန်သတင်းများကို တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ စစ်တွေတက္ကသိုလ်၌ တပ်မတော်မှ ဝင်ရောက်တပ်စွဲနေရာယူခြင်းများ မရှိကြောင်းနှင့် ကျောင်းဖွင့်ချိန်များတွင် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဝင်းဧရိယာပြင်ပ၌ လုံခြုံရေးတာဝန် ထမ်းဆောင်ပေးခြင်းများသာရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ဆက်သွယ်မေးမြန်းချက်များအရ သိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် နိုင်ငံတကာနှင့် ပြည်သူလူထုမှ အထင်မြင်လွဲမှားစေရန် ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝန်ထမ်းများ၊ ဆရာ ဆရာမများအား လူသားဒိုင်းအဖြစ် အသုံးချခြင်းဖြစ်သည်ဟု မဟုတ်မမှန် သတင်းများကို ရည်ရွယ်ချက်ရှိရှိ ရေးသားခြင်းသာဖြစ်ကြောင်း၊ လှိုင်ကော်တက္ကသိုလ်၌ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအရ အကြမ်းဖက်သမားများအနေဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိသားစုဝင်များကို တက္ကသိုလ်ဝင်းထဲမှ ကယ်ထုတ်သည်ဟုဆိုကာ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွား၍ လူသားဒိုင်းအဖြစ် အသုံးချလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ပေးရန်နှင့် တပ်မတော်မှ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်နေမှုများအပေါ် ပြည်သူလူထုမှ အထင်မြင်လွဲမှားစေရန် ယခုကဲ့သို့ မဟုတ်မမှန် သတင်းတု သတင်းမှားများ ထုတ်ပြန်ရေးသားကာ တပ်မတော်၏ ပုံရိပ်ကျဆင်းအောင် တမင်ဖန်တီးတိုက်ခိုက်နေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# ရွှေကျင်မြို့နယ် ရွှေကျင်-သိမ်ဇရပ်သွားကားလမ်းပေါ်ရှိ ကျုံပကူချောင်းကူးတံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်-သိမ်ဇရပ်သွားကားလမ်းပေါ်ရှိ "ကျုံပကူ" ချောင်းကူးတံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၇ ရက် နံနက် ၃ နာရီ ၅ မိနစ်တွင် ရွှေကျင်မြို့နယ် ကျုံချောင်းရွာအနီး ရွှေကျင်-သိမ်ဇရပ်သွားကားလမ်းပေါ်ရှိ တံတားအမှတ်(၁/၁၀၇) "ကျုံပကူ" ချောင်းကူးတံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် အဆိုပါတံတား၏ တောင်ဘက်ကမ်းကပ်ခုံဘက်မှ တံတားကြမ်းခင်း လေးပေခန့်နှင့် ဝဲ/ယာ တံတားလက်ရန်းခြောက်ပေခန့် ပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

ထိုသို့အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် တံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၅၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၀ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၃၈၅ | ၂၃၈၅ | ၂၃၈၅ | ၂၆၁၅ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၈၀ | ၂၃၈၀ | ၂၆၁၀ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၄ | ၂၁၃၉ |
| 95 Ron | ၂၁၈၆ | ၂၂၆၃ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၃ | ၂၂၅၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# IT နည်းပညာ အချိန်နဲ့အမျှ တိုးတက်နေတဲ့ ဒီနေ့ခေတ်ကြီးမှာ အကျိုးပြုစာပေ၊ သတင်းအချက်အလက်တွေကို ဖတ်ရှုလေ့လာခြင်းဖြင့် ဆန်းသစ်တဲ့ လူ့ဘောင်လောကကို ဖန်တီးနိုင်တဲ့ နိုင်ငံသားကောင်းတွေဖြစ်အောင် အားထုတ်ကြစေလိုပါတယ်

ဦးကျော်မြင့် G.A

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**တွေ့ဆုံမေးမြန်း - လင်းရာမ**

**ဓာတ်ပုံ - ကိုထက်**

**ဘာသာရပ် -ကဗျာ**

**စာရေးသူ-မောင်စိမ်းနောင်(လယ်ဝေး)**

**စာအုပ်အမည်- ချစ်တေးသီပါ ကျေးတမာ ကဗျာများ**

“ဒီစာအုပ်လေး ထုတ်ချင်နေတာကြာပါပြီ။ အကြောင်းအမျိုးမျိုးကြောင့် မထုတ်ဖြစ်ခဲ့ဘူး။ အထူးသဖြင့်တော့ ကဗျာဖွဲ့နည်းမဟုတ်ဘဲ အပြစ်ကင်းစင်ပြီး ဂုဏ်၊ အလင်္ကာ၊ ရသတွေပါ ထုံးမွှမ်းထားတဲ့ ကဗျာကောင်းတစ်ပုဒ် ဘယ်လိုရေးသင့်ကြောင်းကစလို့ ကျွန်တော်ဖြတ်သန်းတွေ့ကြုံခဲ့တဲ့ ဘဝလမ်းတစ်လျှောက်က စာဖတ်သူအကျိုးရှိစေမယ့် ကဗျာတွေ၊ ချစ်ခြင်းမေတ္တာနဲ့ ကိုယ်ကျင့်တရားဆိုင်ရာ ကဗျာတွေ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေကို ဂုဏ်ပြုတဲ့ကဗျာတွေ၊ နှလုံးသားအာဟာရ ဖြစ်စေမယ့်ကဗျာတွေ စသည်ဖြင့် ကဏ္ဍအလိုက် ခွဲပြီး စုစည်းပေ့ါ။ ၂၀၂၂ ခုနှစ် မေ၊ ဇွန်လလောက်က စလိုက်တာ ဒီဇင်ဘာလကျမှပဲ ထွက်နိုင်တော့တာပါပဲ။

စာအုပ်ကတော့ တစ်ဦးတည်း လေးအုပ်၊ စုပေါင်း နှစ်အုပ် အားလုံးခြောက်အုပ်ထုတ်ခဲ့ပါတယ်။ ရုပ်ရှင်သရုပ်ဆောင်များအဖို့ အကယ်ဒမီ၊ ကျွန်တော်တို့စာရေးဆရာများအဖို့တော့ အမျိုးသားစာပေဆု။ အခုလို တစ်သက်တာလုံး ခင်ခင်တွယ်တွယ် မြတ်မြတ်နိုးနိုးရေးသားခဲ့တဲ့ ဂန္ထဝင်ကဗျာနဲ့ပဲ ဆုရတော့ အလွန်ပဲ ဝမ်းသာရပါတယ်။ ၂၀၁၅ ခုနှစ်တုန်းက လွဲခဲ့တယ်လေ။ အခုရပြီဆိုတော့လည်း ကြည်နူးပီတိဖြစ်ရပါတယ်။ လူငယ်တွေ စာဖတ်ဖို့လိုတယ်။ မြန်မာ့အမွေအနှစ်ဖြစ်တဲ့ မြန်မာဂန္ထဝင်ကဗျာကိုလည်း မြန်မာလူငယ်တွေ ချစ်တတ်၊ ခင်တတ်၊ မြတ်နိုးတတ်အောင် စာဖတ်အလေ့အကျင့် ပျိုးထောင်သလို ငယ်ကတည်းက ကလေးကဗျာတွေနဲ့ စတင်လေ့ကျင့်ပေးစေလိုပါတယ်” ဟု ပြောကြားသည်။

ဆရာမောင်စိမ်းနောင်(လယ်ဝေး)ကို ၁၉၆၃ ခုနှစ် ဧပြီ ၂၃ ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ် သဲကောကြီးရွာ၌ အဘဦးညွန့်မောင်-အမိဒေါ်ရီတို့က မွေးဖွားခဲ့ပြီး မွေးချင်းငါးယောက်အနက် ဒုတိယဖြစ်သည်။ ၁၉၈၀ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်ထိ စစ်တက္ကသိုလ် အမှတ်စဉ်(၂၇) ဗိုလ်လောင်းသင်တန်းသို့တက်ရောက်ခဲ့ပြီး ၁၉၈၆ ခုနှစ် ဧပြီ ၇ ရက်တွင် တပ်မတော်(ကြည်း) ပြန်တမ်းဝင်အရာရှိ ဒုတိယဗိုလ်အဖြစ် ခန့်အပ်ခံရသည်။ တပ်မတော်၏ တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်အသီးသီးတွင် ဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ ၂၉ နှစ်ကြာ တာဝန်များထမ်းဆောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။ စာပေဗိမာန်တွင် စာတည်းမှူးချုပ် (ညွှန်ကြားရေးမှူး)အဖြစ် သုံးနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ် မေလတွင် ဝန်ထမ်းဘဝမှ အနားယူခဲ့သည်။

မောင်စိမ်းနောင်(လယ်ဝေး)ဟူသည့် ကလောင်အမည်ကို ၁၉၈၅ ခုနှစ်တွင် တံခွန်ဂျာနယ်တွင် ပါရှိသည့် ကဗျာများတွင် စတင်သုံးစွဲခဲ့သည်။ စာပေပြိုင်ပွဲများတွင် ကဗျာဆုများ ရရှိခဲ့ပြီး ၁၉၉၅ခုနှစ်တွင် စာပေဗိမာန် စာမူကဗျာပေါင်းချုပ် ဒုတိယဆုရရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အလှကမ္ဘာညီတို့ရွာ ကလေးကဗျာစာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။

ကဗျာပုဒ်ရေ ၁၀၀၀ နီးပါး ရေးဖွဲ့ခဲ့ပြီးဖြစ်ပြီး ကဗျာအပြင်ဆောင်းပါးနှင့်ဝတ္ထုများလည်းရေးသားခဲ့သည်။ ပြည်သူ့တပ်မတော်စာစဉ်တွင် စာတည်း၊ မြဝတီစာပေတိုက်တွင်စာတည်းမှူး၊ စာပေဗိမာန်တွင် စာတည်းမှူးချုပ်တာဝန်များအပြင် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ နေပြည်တော်တိုင်း(မ်) သတင်းဂျာနယ်ကို အယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။



စာရေးဆရာ
မောင်စိမ်းနောင် (လယ်ဝေး)



စာရေးဆရာ
ဦးကျော်မြင့် G.A

စာပေဗိမာန်စာပေဆု၊ အမျိုးသားစာပေဆု၊ ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုနှင့် တပ်မတော်နေ့အထိမ်းအမှတ် စာပေဆုပြိုင်ပွဲများတွင် စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်အဖြစ်လည်း စာပေတာဝန်များ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် ဒုတိယဥက္ကဋ္ဌ(၁) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကာ လက်ရှိတွင် မိသားစုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့တွင် နေထိုင်လျက်ရှိပြီး အမည်ရင်းမှာ ဦးမျိုးထွန်းဖြစ်သည်။

**ဘာသာရပ် -သုတ(ဝိဇ္ဇာ)**

**စာရေးသူ- ဦးကျော်မြင့် G.A**

**စာအုပ်အမည်- အသုံးချမြေယာနှင့် အုပ်ချုပ်ရေး**

“အငြိမ်းစားယူပြီးရင် စာရေးပြီးမျှဝေမယ်လို့ စိတ်ကူးရှိခဲ့ပါတယ်။ နိုင်ငံရဲ့ အုပ်ချုပ်ရေးသမိုင်း၊ နိုင်ငံတော်ပြန်တမ်း၊ ဌာနကထုတ်ပြန်တဲ့ အမိန့် ညွှန်ကြားချက်၊ အလုပ်ရုံဆွေးနွေးပွဲနဲ့ သင်တန်းတွေက ရရှိတဲ့ အချက်အလက်တွေပေါင်းစုပြီး စာအုပ်ကောင်းတစ်အုပ်ဖြစ်အောင် အချိန်များစွာယူပြီး ကြိုးစား အားထုတ်ခဲ့ရပါတယ်။

စာမူပြုစုတာ နှစ်နှစ်ခွဲလောက်ကြာပါတယ်။ ပုံနှိပ်မူကြမ်းကို အကြိမ်ကြိမ်ပြန်စစ်ပြီး ဥပဒေ အကိုးအကား အထောက်အထား မှန်၊ မမှန် ပြန်ကြည့်ရင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်ရောက်မှ စာအုပ်ဖြန့်ချိနိုင်ခဲ့ပါတယ်။

ဒီစာအုပ်မှာ အကြောင်းအရာ ၁၁၄ မျိုးရှိပြီး မြေယာအကြောင်းချည်းပါပဲ။ ဆက်စပ်အကြောင်းအရာ ဖြစ်စဉ်မှန်တွေလည်း ဖတ်ရှုပျော်အောင် ထည့်ရေးပါတယ်။ နိုင်ငံ့တာဝန်ထမ်းဆောင်တဲ့ နှစ် ၄၀ နီးပါးကာလအတွင်း မြေယာနဲ့ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အဖြစ်အပျက်အမှန်ကို အခြေခံပြီး မျှဝေထားတာပါ။ အစိုးရကိုကိုယ်စားပြုပြီး မြေအသုံးချမှုစီမံခန့်ခွဲသူတွေ အသိမှန်၊ အလုပ်မှန်ပြီး ရလဒ်အမှန်ပေါ်ပေါက်ခြင်းဖြင့် ပြည်သူက ယုံကြည်အားထားထိုက်တဲ့သူတွေ ဖြစ်လာအောင်လို့ပါ။ အမှားတစ်ရာက အမှန်တရားဖြစ်တာတွေ ပပျောက်ပြီး အစိုးရတစ်ရပ်ရဲ့ ပုံရိပ်ကို မြှင့်တင် နိုင်အောင်နဲ့ ပြည်သူအချင်းချင်း မြေကိုအကြောင်းပြုပြီး အလိမ်အညာ မခံရအောင်၊ မြေကြောင့်စိတ်ဆင်းရဲမှု ကင်းဝေးရအောင်၊ မြေယာမှုခင်းတွေ နည်းပါးအောင် ရည်ရွယ်ရင်းဖြစ်ပါတယ်။

မြေနှင့် လူဟာ ထာဝရခွန်တွဲရှိနေမှာဖြစ်ပါတယ်။ မြေဟာ လူသားနဲ့ အရင်းအနှီးဆုံးနဲ့ အခိုင်အမာဆုံးပစ္စည်းဖြစ်တာကြောင့် ပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး ခိုင်မာအားကောင်းတဲ့ တရားဝင် အထောက်အထားရှိရန် လိုအပ်တာမို့ မြေအကြောင်းကို လူတိုင်းသိစေလိုတဲ့စိတ်နဲ့ ဒီစာအုပ်ဖြစ်ဖို့ အပတ်တစ်ကုတ် ကြိုးစားအားထုတ်ခဲ့တာဖြစ်ပါတယ်။

ယခု သုတပဒေတာ(ဝိဇ္ဇာ) အမျိုးသားစာပေဆုရရှိတဲ့စာအုပ်ဟာ ပထမဦးဆုံးအကြိမ် ရေးသားထုတ်ဝေခဲ့တဲ့ စာအုပ်ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းစဉ်နဲ့ ပြည်သူကို နိစ္စဓူဝ ဝန်ဆောင်မှုပြုနေရတဲ့ အုပ်ချုပ်ရေးဆိုင်ရာဝန်ထမ်းများနှင့် သက်ဆိုင်တဲ့ အကြောင်းအရာတွေကို ဆက်လက်မျှဝေသွားမှာ ဖြစ်ပါတယ်။

စာပေဆုရရှိလိုတဲ့ စိတ်ဆန္ဒနဲ့ ရေးသားခဲ့တဲ့ စာအုပ်မဟုတ်ပါဘူး။ ပြိုင်ပွဲဝင်ခဲ့တာလည်း မဟုတ်ပါဘူး။ မြေအသုံးချမှုနဲ့ပတ်သက်ပြီး လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရတဲ့ ဝန်ထမ်းတွေအနေနဲ့ ပြည်သူကို မှန်မှန်ကန်ကန် ဝန်ဆောင်မှုပြုနိုင်ကြဖို့နဲ့ ပြည်သူတွေအနေနဲ့ မြေဆိုင်ရာ ဗဟုသုတရရှိစေခြင်းဖြင့် ဥပဒေကပေးထားတဲ့ အခွင့်အရေးဆုံးရှုံးမှုများ မဖြစ်ပေါ်ရအောင်ဆိုတဲ့ အရင်းခံစေတနာနဲ့ ရေးသားခဲ့တာဖြစ်ပါတယ်။ တည်ဆဲဥပဒေများကို ကိုးကားပြီး Update ဖြစ်တဲ့ အချက်အလက်တွေ ပါဝင်ပြီး ပြည်သူကို လက်တွေ့အကျိုးပြုတဲ့ စာပေဖြစ်တယ်လို့အကဲဖြတ် စာပေပညာရှင်ဆရာကြီးများက သုံးသပ်ပြီး အမျိုးသားစာပေဆုနဲ့ ထိုက်တန်လို့ ဆုံးဖြတ်ရွေးချယ်လိုက် တာဖြစ်တယ်လို့ ခံယူပြီး ဝမ်းသာပီတိဖြစ်ရတာတော့ အတိုင်းထက်အလွန်ပါပဲ။

တစ်ဆက်တည်းမှာပဲ လူငယ်တွေကို အကြံပြုလိုတာက စာဖတ်ပါ။ အကျိုးရှိစေမယ့် စာကို ရွေးဖတ်နိုင်ရင် အကောင်းဆုံးပါပဲ။ IT နည်းပညာ အချိန်နဲ့အမျှ တိုးတက်နေတဲ့ ဒီနေ့ခေတ်ကြီးမှာ အကျိုးပြုစာပေ၊ သတင်းအချက်အလက်တွေကို ဖတ်ရှုလေ့လာခြင်းဖြင့် ဆန်းသစ်တဲ့ လူ့ဘောင် လောကကို ဖန်တီးနိုင်တဲ့ နိုင်ငံသားကောင်းတွေဖြစ်အောင် အားထုတ်ကြစေလိုပါတယ်။ လုံလောက်တဲ့ အသိပညာက အခက်အခဲတွေကို လွယ်ကူစွာကျော်ဖြတ်နိုင်တာမို့ စာဖတ်ကြဖို့ တိုက်တွန်းပါတယ်” ဟု ပြောကြားသည်။

စာရေးဆရာ ဦးကျော်မြင့် G.A အား အဘ ဦးဘဂျမ်း အမိ ဒေါ်ကြွယ်အေးတို့က ၁၉၅၇ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် မိတ္ထီလာမြို့နယ် ကြာကန်ရွာတွင် မွေးဖွားခဲ့ပြီး မွေးချင်းကိုးယောက်တွင် အဋ္ဌမမြောက်သားဖြစ်သည်။

၁၉၈၁ ခုနှစ်မှစ၍ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး မြို့နယ်ပြည်သူ့ကောင်စီရုံး ဒုတိယရုံးအဖွဲ့မှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြို့နယ်ဒုတိယဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (တိုင်းရုံး၊ ပြည်နယ်ရုံး)၊ဒုတိယတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူး၊ ရုံးချုပ် (မြေယာ၊ ယစ်မျိုးဌာန တာဝန်ခံ ) အဖြစ် တာဝန်များထမ်းဆောင်ခဲ့ပြီး တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး/ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူး (ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်) ဖြင့် ၂၀၁၇ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။

မြေယာစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်၊ အမျိုးသားမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ ဆပ်ကော်မတီအတွင်းရေးမှူး (၂၀၁၄)၊အမျိုးသားဆေးပစ္စည်းဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီဝင် (၂၀၁၅)၊ ပြည်ထဲရေးဝန်ကြီးဌာန ဥပဒေရေးရာ အကြံပေးကော်မတီဝင် (၂၀၁၇)၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ပြည်သူ့ဝန်ဆောင်မှုရုံး ဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီဝင် (၂၀၁၈)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ အဖွဲ့ဝင် (ပြင်ပ ပညာရှင်) (၂၀၁၉)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်ဆိုင်ရာ ပြန်လည်ဆန်းစစ်သုံးသပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂၀၁၉) အဖြစ် တာဝန်များထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၌ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကာ ရန်ကုန်မြို့တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။

## တောင်ငူပညာရေးဒီဂရီကောလိပ်၌ (၂၀၂၃-၂၀၂၄) ပညာသင်နှစ် သင်တန်းဖွင့်ပွဲနှင့် မောင်မယ်သစ်လွင် ကြိုဆိုပွဲကျင်းပ

တောင်ငူ နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌ (၂၀၂၃-၂၀၂၄) ပညာသင်နှစ် ပထမနှစ် ဒုတိယနှစ်၊ မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT) (၁၀/၂၀၂၃) သင်တန်းဖွင့်ပွဲနှင့် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြတ်ပညာခန်းမ၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် တောင်ငူ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသိင်္ဂီကျော်က ဩဝါဒအမှာစကားပြောကြားပြီး အဆိုပါအခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ငူခရိုင်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဌာနကြီးမှူး၊ သင်ကြားရေးဆရာ ဆရာမများ၊ ပထမနှစ် မောင်မယ်သစ်လွင် ၁၅၀ နှင့် မူလတန်းဆရာ အတတ်ပညာသင်တန်း မောင်မယ်သစ်လွင် ၁၅၇ ဦး၊ ဒုတိယနှစ် ကျောင်းသား ကျောင်းသူ ၄၉၇ ဦး၊ တတိယနှစ် ကျောင်းသားကျောင်းသူ ၈၃ ဦး၊ စုစုပေါင်း ၈၈၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို (ပြန်/ဆက်)



## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၈**

၂၀၂၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ည နိုဝင်ဘာ ၂၇ ရက် ည ၁၀ နာရီက တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ ၂၀၂၃ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် ပွဲတော် ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပသည်။

**ပါဝင်ဆင်နွှဲ**

ပိတ်ပွဲအခမ်းအနားတွင် တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များက ကပြဖျော်ဖြေကြပြီး နိုဝင်ဘာ ၂၇ ည၏ ပြိုင်ပွဲဝင်မီးပုံးပျံများဖြစ်သော ညမီးကြီး ယမ်းမီး ၂၂ ပေ မီးပုံးပျံခြောက်လုံးနှင့် စိန်နားပန် မီးပုံးပျံတစ်လုံး ပြိုင်ပွဲပါဝင်လွှတ်တင်ရာ ဒေသခံ ပြည်သူများ၊ ရပ်နီးရပ်ဝေးမှ ဧည့်ပရိသတ်များ၊ ပွဲတော်လာ ဧည့်ပရိသတ်များနှင့် ခေတ်ပေါ်တေးဂီတဝိုင်းများဖြင့် ရုပ်ရှင်သရုပ်ဆောင်များ၊ ဒေသခံ အဆိုတော်များဖြင့် စည်ကားသိုက်မြိုက်စွာပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ အကနည်းပြများနှင့် အခမ်းအနားမှူး လေးဦးတို့အား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး၏ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ဇနီး၊ တိုင်းမှူး၏ဇနီး၊ မသိုးသက်န်းရက်ပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် ခြေနှစ်ချောင်း၊ ခြေလေးချောင်း အုပ်စုပြိုင်ပွဲ ဆုရရှိသူများအား မီးပုံးပျံပညာရှင်များ၊ ညလွှတ်မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီး ၂၂ ပေ၊ ၂၅ ပေအဖွဲ့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ချီးမြှင့်ပေးပြီး တိုင်းရင်းသားစာပေယဉ်ကျေးမှုအကအဖွဲ့ ၁၀ ဖွဲ့၊ ဖွင့်ပွဲ၊ ပိတ်ပွဲသီချင်း သီဆိုပေးသော အဆိုတော် စိုင်းဟိန်းကို၊ တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ဖျော်ဖြေပေးခဲ့သော Power King တေးဂီတအဖွဲ့၊ မီးပုံးပျံပြိုင်ပွဲတွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပေးခဲ့သော ဦးကျော်ကျော်ဝင်းနှင့် အဖွဲ့၊ မီးပုံးပျံဖြစ်မြောက်ရေးအတွက် ပညာရှင်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ချီးမြှင့်ပေးကာ ၂၀၂၃ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး တက်ရောက်

**မုံရွာ နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၁၀/၂၀၂၃) ကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း ဘဏ္ဍာနှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတို့အား မျှော်မှန်းထားသည့်အတိုင်း ဝင်ရောက်လာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSME လုပ်ငန်းများအား ကုမ္ပဏီထူထောင်ရာမှတစ်ဆင့် MSME လုပ်ငန်းများအတွက် နည်းပညာရရှိရေး၊ အရင်းအနှီးငွေရရှိရေးအတွက် နိုင်ငံခြားကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသွားကြရန် မှာကြားလိုပါကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ရန်အတွက် စိတ်ဝင်စားပြီး လာရောက်ဆက်သွယ်သည့် လုပ်ငန်းရှင်များအား အဘက်ဘက်မှ ဝိုင်းဝန်းကူညီသွားကြရန်နှင့် ရင်းနှီးမြှုပ်နှံရန် လာရောက်ဆက်သွယ်သည့် လုပ်ငန်းရှင်များအား မိမိတို့တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် Taw Win Myanmar Sanyu Co.,Ltd. မှ ကော်မတီအတည်ပြုမိန့်ပါ ရင်းနှီးမြှုပ်နှံမှုပမာဏ ပြောင်းလဲပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် နိုဝင်ဘာလအတွင်း ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့တက်ရောက်လာသူများ၏ ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မအူပင်မြို့၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**မအူပင် နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပညာခေတ်ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမိုးထွန်းက အခမ်းအနားပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပညာခေတ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ ကစားမည့် အသိပညာပေး ဂိမ်းကစားနည်းပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြရာ ခရိုင်မီးသတ်ဦးစီးမှူးက ရှင်းလင်းတင်ပြသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူများ လက်တွေ့ဂိမ်းကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကာ ကစားနည်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## တနင်္သာရီမြို့၌ မီးဘေးလုံခြုံရေးနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်



**တနင်္သာရီ နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် မြိတ်ခရိုင် တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာနမှ ပူးပေါင်းအဖွဲ့များဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်မင်္ဂလာဈေး(၁)နှင့်(၂)တို့တွင် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးနှင့် အန္တရာယ်ကျရောက်ပါက အမြန်ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေး ဇာတ်တိုက်လေ့ကျင့်မှုအစီအစဉ်ကို ယနေ့နံနက် ၉ နာရီမှစ၍ မီးဘေး လုံခြုံရေးစစ်ဆေး၍ မီးငြိမ်းသတ်ရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ကြသည်။

၎င်းအစီအစဉ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမျိုးမျိုးနိုင်နှင့် ပူးပေါင်းအဖွဲ့က ဈေးဆိုင်ခန်းများတွင် ဈေးရောင်းချနေသူများအား ဈေးမီးဘေးလုံခြုံရေးအတွက် ဆိုင်ခန်းအတွင်း လျှပ်စစ်ဝိုင်ယာကြိုးများ တပ်ဆင်ထားရှိမှု၊ ရေကန်အတွင်း ရေသိုလှောင်ထားရှိမှု၊ မီးသတ်ဆေးဘူးနှင့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပေးကြပြီး မီးဘေးလုံခြုံရေးအတွက် အစဉ်အမြဲ အသိ သတိရှိကြရန် အသိပညာပေး ပြောကြားသည်။

**ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်**

ထို့နောက် အောင်မင်္ဂလာဈေး(၂) အရှေ့မျက်နှာစာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ဈေးဆိုင်ရှင်များနှင့် ဈေးရောင်း/ဈေးဝယ်သူများအား အရေးပေါ် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးဖြင့် အရေးပေါ်မီးငြိမ်းသတ်နည်းများကို သရုပ်ပြပေးပြီး ဈေးသူ ဈေးသားများအား လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်စေခဲ့ကြောင်း သိရသည်။

**နန်းသာရီ – ထိန်ဝင်း**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဧရာဝတီ မြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သောနယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ စတုဘုမ္မိကမဟာသတိပဋ္ဌာန် ကျောင်းတိုက်၌ အခြေပြု၍ မအူပင်မြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၅၀၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၁ ဦး၊ ခွဲစိတ်ရောဂါ ၁၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၃၃ ဦး၊ အရိုးရောဂါ ၇၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၁ ဦး၊ မျက်စိရောဂါ ၉၁ ဦးနှင့် သွားရောဂါ ၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာလေးဦး၊ မျက်စိခွဲစိတ်လူနာခြောက်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၀ နှင့် ခါတ်ခွဲစမ်းသပ်လူနာ ၁၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူတစ်ဦးအား နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ လာရောက်ဆေးကုသမှု ခံယူကြသော ဒေသခံပြည်သူများအား နေ့လယ်စာ ထမင်းဘူးများ ပေးဝေလှူဒါန်းသည်။

ထို့ပြင် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ ယနေ့မွန်းလွဲ ၂ နာရီ ၄၇ မိနစ်ခန့်တွင် မအူပင်မြို့နယ် ထနီကျေးရွာမှ မီးဖွားလူနာ မဇင်မီမီထက်ကို ၇ ပေါင် ၅ အောင်စရှိသော သားဦးရတနာလေးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

အဆိုပါ ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ် (ရေ)မှ မောင်စိုးထက်ရွှေဟု အမည်ပေးပြီး ထောက်ပံ့ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများအား တာဝန်ရှိသူများက ကိုယ်စားပေးအပ်သည်။ ၎င်းကလေးငယ်သည် ယခုဆေးကုသမှု ခရီးစဉ်တွင် ဒုတိယမြောက်မွေးဖွားပေးခဲ့သော ကလေးငယ်ဖြစ်ပြီး မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)သမိုင်းမှတ်တမ်းတွင် ၂၈ ယောက်မြောက် အဖြစ် အောင်မြင်စွာ မွေးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ယခင်နယ်လှည့် ဆေးကုသမှုခရီးစဉ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်) ပေါ်၌ မွေးဖွားပေးခဲ့သော မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု တမလိုကျေးရွာမှ ဦးစိုးလင်းနှင့် ဒေါ်ကေခိုင်ဝင်းတို့၏ သားငယ်ဖြစ်သူ မောင်နေဇွန်မင်း ကိုလည်း လက်ဆောင် ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။




ဦးငွေသောင်း

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

**ဦးငွေသောင်း၊ ဒေသခံ**

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ ရောက်နေတယ်လို့ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး ကျွန်တော်သိရှိခဲ့ရပါတယ်ခင်ဗျာ။ အဘတို့လို ဒုက္ခိတတွေ၊ အဘတို့လို မမြင်မစမ်းဖြစ်နေတဲ့လူတွေ၊ အဘတို့လို ချို့တဲ့နွမ်းပါးတဲ့ သူတွေကိုကုသပေးတဲ့ နိုင်ငံ့ခေါင်းဆောင်တွေရော သားတို့လိုအဖွဲ့အစည်းတွေရော ကျန်းမာလို့ချမ်းသာပြီးတော့ တစ်နေ့တခြားလုပ်ငန်းကိုင်ငန်းတွေ တိုးတက်အောင်မြင်ပြီးတော့ အန္တရာယ်အမျိုးမျိုးနဲ့ ကင်းဝေးပါစေဗျာ၊ ဘဝကလည်း အဆင်မပြေတဲ့အတွက်ကြောင့် ဒီနေရာမှာလာပြီး ကုသရတာ တကယ့်ကိုဝမ်းမြောက်ဝမ်းသာနဲ့ ကြည်နူးမိပါတယ်။ သိပ်ပြီးတော့ ချစ်စရာကောင်းပါတယ်။ တကယ်ချစ်စရာကောင်းပါတယ်။ အင်မတန်မှလည်း ကျေးဇူးတင်ပါတယ်။ ပျော်လို့မဆုံး၊ ဝမ်းသာလို့မဆုံး ဖြစ်မိပါတယ်။ အခုလာရောက်ကုသပေးတဲ့အဖွဲ့သူအဖွဲ့သားတွေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ တစ်သက်လုံးအန္တရာယ်အမျိုးမျိုးနဲ့ ကင်းဝေးပါစေ။ လုပ်လေရာကိုင်လေရာ နေရာတိုင်းမှာ အန္တရာယ်အမျိုးမျိုးကင်းဝေးပြီး ကိုယ့်ရဲ့လုပ်ငန်းကိုင်ငန်းတွေကို သူတစ်ပါးက မဖျက်ဆီးနိုင်ဘဲ အောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။



**ပေးအပ်လှူဒါန်း**

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။


Dream it. Do it.

**သတင်းစဉ်**

■

# သနပ်ပင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် ဆင်းသုခစပါးများ ရိတ်သိမ်း

**သနပ်ပင် နိုဝင်ဘာ ၂၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်း ဆင်းသုခစပါးများ စိုက်ပျိုးထားရှိသည့် ကမာဖရုံကျေးရွာ ဒိုင်းမွန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသား ၆၉ ဦး၏ စိုက်ဧက ၃၄၇ ဧကနှင့် ငါးကြီးဝင်းကျေးရွာ လင်းလက်ဟိန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသား ၄၅ ဦး စိုက်ဧက ၁၅၃ ဧကတို့မှ မိုးစပါးများ ရိတ်သိမ်းဆောင်ရွက်လျက်ရှိရာ တစ်ဧကလျှင် စပါးတင်း ၇၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

**မိုး/ဇလ**



## ထားဝယ်မြို့၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပ

ထားဝယ် နိုဝင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီက ကျင်းပသော အခြေခံကွန်ပျူတာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဧပြီလမှ အောက်တိုဘာလကုန်အထိ သင်တန်း (၄၇) ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား ကျား ၁၂၂ ဦး၊ မ ၉၁၂ ဦး စုစုပေါင်း ၁၀၃၄ ဦးကို သင်တန်းပို့ချပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယခုသင်တန်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် တိုင်းအလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော သင်တန်းဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်တန်းမှ ပို့ချသည့်ဘာသာရပ်များ၊ သင်ခန်းစာများကို စနစ်တကျ ကြိုးစားလေ့လာသင်ယူကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုလှိုင်က အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဟိဏ်းထက်အောင်က အခြေခံကွန်ပျူတာသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ သင်တန်းတွင် သင်တန်းသား ၁၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

## ရန်ကုန်တိုင်းဒေသကြီး၌ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားစေရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တိကျမှန်ကန် မြန်ဆန်စွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရေးအတွက်ရည်ရွယ်၍ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့် စကားအတိုင်း နိုင်ငံတော်၏ယန္တရားများ ဟန်ချက်ညီညီ လည်ပတ်နိုင်ရန်အတွက် ဝန်ထမ်းများ စွမ်းအားနှင့် အရည်အချင်းပြည့်ဝပြီး လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှုနှင့် အသိအမြင်ဗဟုသုတများ ကြွယ်ဝသောစွမ်းဆောင်ရည်များ မြင့်မားတိုးတက်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက သင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က သင်တန်းအတွက် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လက်ခံရယူသည်။

အဆိုပါဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၂) ကို နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တာ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများမှ အမှုထမ်း ၃၀ တို့အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ ရုံးလုပ်ငန်းဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



## လူငယ်ရေးရာ

## ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သိရိမာလာခန်းမ၌ ကျင်းပသည်။



ဦးစွာ ဗိုလ်တထောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်( ၁ )ဗိုလ်မှူး ကျော်စည်သူက အဖွင့်အမှာစကားပြောကြားပြီး ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်ဝင်းကြည်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်း စတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဗိုလ်တထောင်မြို့နယ်ရုံးမှ ဦးစီးအရာရှိဒေါ်ခင်ဝင်းကြည်နှင့်အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမ ဒေါ်တင်တင်ဝေတို့က ဆောင်ရွက်ခဲ့ပြီး လူငယ်နှင့် စာပေ၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု စသည်ဖြင့် ကျောင်းသူ ခြောက်ဦးတို့က ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင် ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် ပါဝင်ဆွေးနွေးပေးကြသော ကျောင်းသူများကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဗိုလ်မှူးကျော်စည်သူ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်လင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝေ၊ ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိဦးဟိန်းထက်အောင်၊ စာရေးဆရာမ မေမြတ်စန္ဒာတို့က အမှတ်တရ လက်ဆောင်များ ချီးမြှင့်ခဲ့ပြီး ဗိုလ်တထောင်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်လင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူကုန်ကူးမှုအန္တရာယ် အသိပညာပေး၊ အမျိုးသမီးအကြမ်းဖက်မှုနှင့် မှုခင်းကာကွယ်ရေးအတွက် အမျိုးသမီးများသိသင့်သောဥပဒေများအကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်များကို တက်ရောက်လာကြသော ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခင်ဝင်း(ပြန်/ဆက်)

## လယ်ဝေးမြို့နယ်၌ စာဖတ်ဝိုင်း ကျင်းပ

လယ်ဝေး နိုဝင်ဘာ ၂၈

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က စာဖတ်ဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စာရေးဆရာများ၊ စာရေးဆရာမများဖြစ်ကြသည့် ဆရာမဒေါ်သင်းသင်းဇင် (ဇင်-ရန်ကုန်တက္ကသိုလ်)၊ ဦးမောင်မောင်တာ(သဘာဝ)၊ ဦးကျော်လွင် (ကျော်လွင်မြင့်-မော်ဝန်း)၊ ဒေါ်သက်သက်မွန်၊ ဦးလင်းထွဋ်(ကိုလင်း-အညာမြေ)၊ ဒေါ်နှင်းနှင်းလွင်( လုံမငယ်-လူ/မှု )၊ ဇော်ဇော်အောင်နှင့် စာပေဝါသနာရှင်များက စာရေးဆရာကြီးအောင်သင်း၏ ကိုယ့်ကိုယ်ကိုယ်ပြဋ္ဌာန်းခြင်းစာအုပ်တွင် ပါဝင်သည့် အကြောင်းအရာ အချက်အလက်များကို မိမိတို့၏ ဘဝအတွေ့အကြုံများနှင့်ယှဉ်ကာ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

နေရည်(ပြန်/ဆက်)



# ဝတ္တရားကျေပွန်ခြင်း

ပီမိုးနင်း

**(ယခင်အပတ်မှအဆက်)**

လျှုလိုက်သော၊ ပေးလိုက်သောငွေသည် လက်မှလွတ်၍သွားသလို ထိုအလှူ၏အကျိုးဆက်သည်လည်း လွတ်သည့်အခါ လွတ်၍သွားနိုင်၏။ မွန်မြတ်သောတာဝန်ဝတ္တရားအလုပ်များသည်ကား ကိုယ်နှင့်မကွာ ဘဝအစဉ်အဆက်လိုက်ပါကာ ရင့်သည်ထက်ရင့်အောင် ကူညီနိုင်သော သတ္တိရှိကြလေသည်။

ကြွယ်ဝသောသူတို့မှာ ပေးကမ်းစွန့်ကြဲခြင်းအလုပ်သည် လွယ်ကူ၏။ ဆင်းရဲသူများမှာလည်း ညောင်စေ့လောက်လှူဖို့ရန် မခက်ပေ။

လူမှန်သမျှ၌ ပါရှိသောလူ့ဝတ္တရား၊ လူ့တာဝန်ကို ဆောင်ရခြင်း အလုပ်မှာကား ထိုမျှလောက် မလွယ်ချေ။ ငွေကြေးပေးလှူခြင်းကြောင့် ကဲ့ရဲ့ရှုတ်ချခြင်းမခံရ။ ထောင်ကိုလည်း မကျနိုင်။ တာဝန်ဝတ္တရားကို ဆောင်ရွက်သူများအနက် ဒုက္ခဆင်းရဲအမျိုးမျိုးတို့ကို ခံကြရသူများ သည်ကား များလှလေပြီ။

ဆန္ဒစိတ်အား ကြီးမားမြဲမြံခိုင်သန်ခြင်းသည် တာဝန်ဝတ္တရားသိသော မြင့်မြတ်သောစိတ်နှင့် မတွဲချေက ကြီးမားသောဆိုးသွမ်းမှုတို့ကို ပြုကျင့်နိုင်လေသည်။ ထိုစိတ်သည် တာဝန်ဝတ္တရားကို မသိသောသူတို့၌ တန်ခိုးအာဏာကြီးသလောက် ကြောက်မက်ဖွယ်ကောင်းလေသည်။

ထိုကဲ့သို့သောသူများသည် သိန်းသန်းမကသော လူသတ္တဝါတို့ကို နှိမ်နင်းခိုင်းစေကာ နဖားကြိုးတပ်၍ စစ်မြေပြင်သို့ မောင်းနှင်ပြီးလျှင် ကမ္ဘာကြီးကို ထုံးလိုချေ၊ ရေလိုနှောက်တတ်ကြ၏။

ဤလိုလူမျိုးသည် နပိုလီယံ၊ အလက်ဇန်းဒါးကိုင်ဇာကဲ့သို့သော သူများဖြစ်ကြ၏။ အလက်ဇန်းဒါးသည်ကား ချဲ့စရာ၊ နိုင်စရာနယ်များကို ကမ္ဘာပေါ်၌ ရှာဖွေ၍ မတွေ့၊ တစ်ကမ္ဘာလုံးကို အစိုးရပြီး တိုး၍ စိုးပိုင်တိုက်ခိုက်နှိမ်နင်းဖို့ရန် တိုင်းပြည်များ မရှိတော့သည်ဖြစ်ကြောင်း သိရသောအခါ ချုံးပွဲချငိုရှာလေသည်။

နပိုလီယံဘိုနာပတ်သည် ဥရောပတိုင်းတစ်လျှောက်လုံးကို တိုက်ခိုက်အောင်မြင်၍ပြီးသည့်နောက် ရုရှားပြည် ဆီးနှင်းများအထဲ၌ အားကုန်ရပ်နား၍နေရ၏။ သို့နေရသောအခါ ငါသည် အောင်ပွဲများ၏ အစွမ်းကြောင့် ငါဖြစ်၍နေ၏။ အောင်ပွဲများကို ဆက်ကာ ဆက်ကာမရလျှင် ငါမနေနိုင်ဟု ညည်းညူပြောဆိုလေသည်။

ယခုကာလများစွာသော ငွေရှင်းတို့သည်လည်း ကြီးမားသောငွေ၏ တန်ခိုးကို အသုံးပြုကာ အလုပ်သမားပေါင်း သိန်း၊ သန်း၊ ကုဋေတို့ကို ဆင်းရဲဒုက္ခ၏နွံတွင်းမှ မတက်နိုင်အောင် အလုပ်ဟူသမျှကို စက်လက်နက်များအစွမ်းဖြင့် လက်ဝါးကြီးအုပ်ကြလေသည်။

၎င်းတို့၏တာဝန်ဝတ္တရားသည်ကား ငွေအားကောင်းသလောက် ဆင်းရဲသားပေါင်းများစွာတို့ကို ချမ်းသာအောင်လုပ်၍ပေးရမည့် တာဝန်ဖြစ်၏။ ထိုတာဝန်ကို မသိမမြင်၊ ငွေ၏တန်ခိုးကို အလွဲအသုံးပြု၍ နေကြလေသည်။

၎င်းတို့၏ အလှူအတန်းများသည်လည်း ဆင်းရဲသားများထံသို့ မရောက်၊ ၎င်းတို့ကို မြှောက်ပင့်၍ပေးသော အထက်တန်းစား လူကုံထံများထံသို့သာ ရောက်ကြလေသည်။ မက်ဂရီဂါသူဌေးကဲ့သို့ ဆင်းရဲသားများကိုသာ စုပုံ၍ပေးခဲ့သောသူဌေးများမှာ လွန်စွာနည်းပါးလျက် မိမိတို့၏ ဂုဏ်သတင်းနာမည်ထင်ပေါ်ကျော်ကြားစေဖို့ရန် အဆောက်အအုံများ၊ အသင်းအဖွဲ့များ၊ လောကဓာတ်ပညာဘက်ဆိုင်ရာဌာနများကိုသာ ပေးကမ်းကြသဖြင့် ထိုဌာနများကို ကပ်ပါသောသူများကိုသာ အကျိုးခံစားကြရ၏။ ထိုသူများသည်ကား ထိုဌာနများကိုပင် မကပ်ရစေကာမူ မဆင်းရဲနိုင်သောသူများဖြစ်ကြ၏။ ထိုဌာနများသို့ကပ်ရောက်နိုင်ခြင်းပင်လျှင် မဆင်းရဲသောကြောင့် ကပ်ရောက်နိုင်ကြခြင်းဖြစ်လေသည်။

ထက်သန်သော ဆန္ဒစိတ်ဓာတ်သည် ကျင့်ဝတ်တရားကို သိသော စိတ်နှင့် တွဲမိသောအခါ၌ကား လူသတ္တဝါတို့၏အကျိုးစီးပွားကို မသေမချင်းဆောင်ရွက်၍ အားမရနိုင် မရောင့်ရဲနိုင်အောင် မြင့်မြတ်သော စိတ်၏အဆင့်အတန်းသို့ ရောက်ရလေသည်။

ထိုစိတ်မျိုးရှိသော ပုဂ္ဂိုလ်များသည် များစွာသောသူတို့၏စိတ်ကို ကောင်းမြတ်သော တာဝန်ဝတ္တရားလမ်းသို့ရောက်အောင် ပြုပြင်ပြောင်းလဲပို့ဆောင်ကြ၏။ လွဲမှားသောလမ်းများကို ပိတ်ဆို့ဖြိုဖျက်ကာ ဖြောင့်မှန်သော လမ်းတံခါးကို ဖွင့်ကြပြီး ခေါင်းဆောင်အစစ်၊ ခေါင်းဆောင်အမှန်၊ ခေါင်းဆောင်မြတ်ပီသစွာ အသိဉာဏ်နှင့် ဖြောင့်မှန်ခြင်းဓာတ်မီးကို ကိုင်ဆောင်လျက် ရှေ့ဆောင်ပြ၍ လမ်းထွင်ကာ သွားလာကြလေသည်။

> **“ထက်သန်သောဆန္ဒစိတ်ဓာတ်သည် ကျင့်ဝတ်တရားကို သိသောစိတ်နှင့် တွဲမိသောအခါ၌ကား လူသတ္တဝါတို့၏အကျိုးစီးပွားကို မသေမချင်းဆောင်ရွက်၍ အားမရနိုင် မရောင့်ရဲနိုင်အောင် မြင့်မြတ်သောစိတ်၏အဆင့်အတန်းသို့ ရောက်ရလေသည်။ ထိုစိတ်မျိုးရှိသော ပုဂ္ဂိုလ်များသည် များစွာသောသူတို့၏စိတ်ကို ကောင်းမြတ်သောတာဝန်ဝတ္တရားလမ်းသို့ရောက်အောင် ပြုပြင်ပြောင်းလဲပို့ဆောင်ကြ၏”**

ထိုလူမျိုးတို့၏ အလုပ်ဟူသမျှမှာ တန်ခိုးအရှိန်အဝါသည် တံဆိပ်ခတ်သလို စွဲကပ်၍ပါမြဲဖြစ်လေရာ လက်ညှိုးညွှန်ရာရေဖြစ်လျက် တိုးတက်အောင်မြင်ခြင်း ဖောင်စကြာဖြင့် လူသတ္တဝါတို့ကို မြင့်ရာသို့ ပို့ကြလေသည်။

ကောင်းမြတ်သော စိတ်၏တန်ခိုးသတ္တိရှိသူများ၊ ဆိုးယုတ်သော စိတ်၏တန်ခိုးသတ္တိရှိသူများအပြင် အကောင်းလည်းမရှိ၊ အဆိုးလည်း မရှိ စိတ်၏တန်ခိုးသတ္တိကင်းမဲ့သောသူများဟူ၍ များစွာပင်ရှိကြလေသည်။

ထိုလူများကို ကိုယ်ကျင့်တရားရှိသူဟု မခေါ်နိုင်ပေ။ အကြောင်းမူကား ကိုယ်ကျင့်တရားကောင်းဖို့ရန် သမ္မာဆန္ဒခေါ် စိတ်ကောင်း စိတ်မြတ်နှင့် ပူးတွဲသောထက်သန်သောဆန္ဒဓာတ် ရှိရလေသည်။ ထက်သန်သောဆန္ဒဓာတ်မရှိက လူ၏တာဝန်ဝတ္တရားကို ကျေပွန်အောင် မဆောင်ရွက်နိုင်၊ မဆောင်ရွက်နိုင်က ဝတ္တရားမကျေ၊ ဝတ္တရားမကျေက လူကောင်းမဟုတ်။ ထိုလူမျိုးသည် စိတ်ဆန္ဒတန်ခိုးကြီးမားသော လူမကောင်းဆိုးဝါးများနှင့်တွေ့သည့်အခါ လွယ်ကူစွာမကောင်းမှုကို ပြုကြမည်သာတည်း။ မကောင်းမှုပြုခြင်းသည် လူ၏ကျင့်ဝတ်ပျက်စီးခြင်းပင်ဖြစ်လေသည်။

ဆန္ဒစိတ်အားထက်သန်ခြင်းမရှိသူများသည် အစွမ်းသတ္တိမရှိသောကြောင့် သူ့ပစ္စည်းကို လုယက်တိုက်ခိုက်၍ မယူသော်လည်း လွယ်ကူစွာတွေ့ရလျှင် လျှို့ဝှက်၍ထားပေလိမ့်မည်။

စိတ်၏တန်ခိုးသတ္တိမရှိသဖြင့် သားမယားကို ပင်ပန်းခံ၍ဖွံ့သန်သန်နှင့် ဖျက်ဆီးရန် မကြိုးစားသော်လည်း လွယ်ကူစွာလမ်းအခွင့်ကြုံချေက ရှောင်ကြမည်မဟုတ်ပေ။ သို့ဖြစ်လေရာ လူဆိုးမဖြစ်ရုံမျှနှင့် လူကောင်းဖြစ်ပြီဟု မဆိုနိုင်။ အစွမ်းသတ္တိမရှိသောကြောင့် တစ်စုံတစ်ရာ မလုပ်ဝံ့သည့်အတွက် လူကောင်းလိုနေကြခြင်းဖြစ်နိုင်လေသည်။

ထိုလူမျိုးသည် မိမိတို့နိုင်နင်းသော လက်အောက်သားများအပေါ် စိတ်သဘောထားသေးငယ်စွာ ပြုမူကျင့်ကြံတတ်ကြလေသည်။

ကမ္ဘာပေါ်၌ ဤလိုလူမျိုးတို့များ၏။ ၎င်းတို့သည် နောက်လိုက်တွေဖြစ်ကြ၏။

လက်ခုပ်တီးသမားများ၊ နာမည်ကျော်သူတစ်ယောက် ပြောဟောလျှင် သွား၍နားထောင်သူများ၊ နာမည်ကျော်သူများပြောသမျှ လုပ်သမျှ အကောင်းထင်သူများ၊ နာမည်ကျော်သူ လူကောင်းတစ်ယောက် ခေါင်းဆောင်လျှင် လိုက်တတ်သူများ၊ လူဆိုးတစ်ယောက်ဆွဲလျှင် ပါတတ်သူများ၊ ဇာတ်ပွဲရုပ်ရှင်အငြိမ့်ကို ပထမသွားသူများ၊ နာမည်ကျော် တရားဟောပုဂ္ဂိုလ်တစ်ယောက်၏သတင်းကို ကြားလျှင် တရားနာရန်သွားသူများ၊ အများယောင်တိုင်း လိုက်၍ယောင်သူများ၊ လူအလေး၊ လူအမိုက်၊ လူ့သစ်ရွက်ခြောက်၊ လူ့မြေမှုန့်များဖြစ်ကြလေရာ လူ့ကျောက်ဆောင်များလို မတည်ငြိမ်၊ ပင်လယ်လှိုင်းတံပိုးပမာ လေရှုံ့တိုင်း ထကြွလှုပ်ရှားကြလေသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ပျော်ရွှင်မှုနှင့် အောင်မြင်မှုဆီသို့သွားနိုင်သော ခွင့်လွှတ်ခြင်း

အောင်မြတ်စည်သူ

ကျွန်တော်တို့ကို နာကျင်စေခဲ့တဲ့သူတွေကို ခွင့်လွှတ်ဖို့ လိုအပ်ပါတယ်။ ခွင့်လွှတ်ဖို့ ရွေးချယ်လိုက်တာနဲ့ သင့်ပတ်ဝန်းကျင်က လူတိုင်းအတွက် အများကြီးအကျိုးရှိနိုင်ပါတယ်။

အခြားသူတွေကို ခွင့်လွှတ်ဖို့ လိုအပ်သည်ဖြစ်စေ၊ သင့်ကိုယ်သင်ခွင့်လွှတ်ဖို့ လိုအပ်သည်ဖြစ်စေ ထိုသို့ပြုလုပ်ခြင်းက သင့်အား အတိတ်မှ လွတ်မြောက်စေပြီး သင်၏ စစ်မှန်သောစွမ်းရည်ကို ဖြည့်ဆည်းပေးနိုင်ပါတယ်။ ၎င်းက သင့်စိတ်ပိုင်းဆိုင်ရာနဲ့ စိတ်ခံစားမှုဆိုင်ရာ စွမ်းအင်တွေကို လွတ်မြောက်စေပြီး ပိုမိုကောင်းမွန်တဲ့ ဘဝတစ်ခုကိုလည်း ဖန်တီးနိုင်ပါတယ်။

လူတိုင်း ပိုမိုကောင်းမွန်တဲ့ အလုပ်တစ်ခု၊ အပိုဝင်ငွေ၊ ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေး သို့မဟုတ် ပိုမိုကောင်းမွန်တဲ့ဘဝ စသဖြင့် ရရှိလိုကြတယ်။ ခွင့်လွှတ်ခြင်ဟာ ဤအရာအားလုံးကို ရရှိဖို့ ကူညီပေးနိုင်တယ်။

အကယ်၍ ခွင့်မလွှတ်ဘူးဆိုရင် သင့်အတွင်းစိတ်စွမ်းအင်ရဲ့ အစိတ်အပိုင်းတစ်ခုဟာ နာကြည်းမှု၊ ဒေါသ၊ နာကျင်မှု ဒါမှမဟုတ် တစ်မျိုးမျိုးသော ဆင်းရဲဒုက္ခတွေမှာ ပိတ်မိနေမှာဖြစ်ပါတယ်။ ဘရိတ်အုပ်ထားတဲ့စက်ဘီးကို တစ်ချိန်လုံးဘရိတ်အုပ်ထားသလိုပါပဲ။ ၎င်းက သင့်ကို နှေးကွေးစေပါလိမ့်မယ်။ သင့်ကိုစိတ်ပျက်စေကာ ရှေ့ဆက်ဖို့ ခက်ခဲစေလိမ့်မယ်။ ဥပမာ- သင့်ဘဝမှာ ပိုက်ဆံလိုချင်ရင် သင့်ထက် ပိုက်ဆံပိုရှိတဲ့သူတွေကို စိတ်မဆိုးမိဖို့ လိုပါတယ်။ သင့်ထက် ပိုက်ဆံပိုရှိသူတွေက သင့်ကို ပိုက်ဆံပိုရအောင် ကူညီပေးဖို့ အကောင်းဆုံးနေရာ ယူထားသူတွေပါ။

သင့်ထက် အောင်မြင်တဲ့သူတွေအပေါ် အပြုသဘောဆောင်တဲ့ သဘောထားရှိတယ်ဆိုရင် သူတို့က သင့်ကို ချဉ်းကပ်ရလွယ်တဲ့သူလို့ မြင်ကာ သင်နဲ့ အလုပ်တွဲလုပ်ချင်ပြီး သင်နဲ့ပေါင်းသင်းဆက်ဆံချင်တာ ပိုဖြစ်နိုင်ပါတယ်။ အပြုသဘောဆောင်ပြီး ကူညီတတ်တဲ့စိတ်ထားရှိသူတွေဟာ ဘယ်အခြေအနေမှာမဆို ပေါ်လွင်ပါတယ်။ ခွင့်လွှတ်ခြင်းက သင့်အလုပ်မှာ သင့်ကိုအောင်မြင်စေမယ့် သဘောထားမျိုး ကူညီပေးပါလိမ့်မယ်။ ခွင့်လွှတ်တတ်ဖို့ သင်ယူရင်းနဲ့ မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့အရာဟာ ဖြစ်နိုင်ရုံသာမကဘဲ ၎င်းကို အလွယ်တကူရလာစေနိုင်ပါတယ်။

ခွင့်လွှတ်လိုတဲ့ ကိစ္စသေးသေးလေးကို စဉ်းစားပြီး ခွင့်လွှတ်ခြင်း အဆင့်လေးဆင့်ကို စမ်းကြည့်နိုင်ပါတယ်။ (၁) ဘယ်သူက ခွင့်လွှတ်သင့်သလဲ။ ဘာအတွက် ခွင့်လွှတ်သင့်တာလဲဆိုတာ ချရေးပါ။ (၂) လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီး မပျော်မရွှင်ခံစားချက်တွေကို စာရင်းရေးပါ။ (၃) ဤအခြေအနေကို ခွင့်လွှတ်ခြင်းမှ သင်ရရှိမယ့် အကျိုးကျေးဇူးများစာရင်းကို ရေးသားပါ။ ခွင့်လွှတ်လိုက်တဲ့အခါ ဘယ်လောက်ပိုကောင်းမလဲလို့ တွေးကြည့်ပါ။ ဒါတွေက သင်လက်ရှိခံစားနေရတဲ့ ခံစားချက်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေနိုင်ပါတယ်။ သို့သော် ဝမ်းနည်းမှုတွေက ပျော်ရွှင်မှုဖြစ်လာမယ်။ ဒေါသက ငြိမ်းချမ်းလာမယ်။ လေးလံမှုက ပေါ့ပါးမှုဖြစ်လာပါလိမ့်မယ်။ (၄) သင်ခွင့်လွှတ်လိုက်ပြီဆိုရင် ခွင့်လွှတ်ခြင်းကနေ ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို အသိအမှတ်ပြုပါ။ အဆင့်လေးဆင့်ကို ဖြတ်ကျော်ပြီးပါက သင့်တွင် အပြုသဘောခံစားချက်တွေ တိုးတက်လာပါလိမ့်မယ်။ ခွင့်လွှတ်ခြင်းကို လေ့ကျင့်ခြင်းဟာ ကျွန်ုပ်တို့ရဲ့အာရုံကြောစနစ်ကို အပြုသဘောဆောင်တဲ့ ခံစားချက်တွေနဲ့ အာဟာရဖြစ်စေတယ်။

ဤအပြုသဘောဆောင်တဲ့ ခံစားချက်တွေဟာ ကောင်းတဲ့အရာတွေကို မြင်လွယ်စေပြီး ပျော်ရွှင်စေတယ်။ ထို့ကြောင့် သင့်မိသားစု၊ သင့်လုပ်ငန်းခွင် သို့မဟုတ် သင့်လူမှုဘဝမှာ ခွင့်လွှတ်တတ်ဖို့ သင်ယူခြင်းက သင့်ရဲ့ဆက်ဆံရေးအားလုံးကို တိုးတက်စေမှာဖြစ်ပြီး သင့်စိတ်နေသဘောထားတွေလည်း တိုးတက်လာကာ သင့်ဘဝကို ပျော်ရွှင်စေ၊ အောင်မြင်စေမှာဖြစ်ပါတယ်။ ။

**[Ref: Four steps to forgiveness by William Fergus Martin]**

# ထက်မြက်သူဖြစ်ချင်သလား

မောင်ထူးချွန်

ထက်မြက်သူ ဆိုတဲ့နေရာမှာ ဉာဏ်ရည်ဉာဏ်သွေးတို့၊ စွမ်းရည်တို့၊ အတွေးအခေါ်တို့ ထက်မြက်တဲ့သူကို ဆိုလိုတာ။

မောင်တို့မယ်တို့အနေနဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ၊ စွမ်းရည်တွေ၊ အတွေးအခေါ်တွေ ထက်မြက်နေရင် ဆင်ခြင်နိုင်မှုစွမ်းအားလည်း ထက်မြက်နေမယ်။ ဒါဆိုရင် သုံးသပ်မှုတွေ၊ ဆုံးဖြတ်မှုတွေလည်း မှန်ကန်နေမှာပါပဲ။

ဒါကြောင့် လူရယ်လို့ဖြစ်လာရတဲ့ဘဝမှာ ဉာဏ်ရည်ဉာဏ်သွေးတို့၊ စွမ်းရည်တို့၊ အတွေးအခေါ်တို့ဟာ ထက်မြက်နေရမယ်။ မွေးကင်းစတုန်းကတော့ အားလုံးသောလူသားတွေဟာ အတူတူပါပဲ။ အရွယ်ရလာတာနဲ့အမျှ ရှင်သန်ရာဝန်းကျင်အပေါ်မှာ ဉာဏ်ရည်ဉာဏ်သွေးတွေ၊ စွမ်းရည်တွေ၊ အတွေးအခေါ်တွေကွဲပြားလာရတော့တာပဲ။

အဲဒီကမှ ယုံကြည်မှုတွေ၊ စိတ်သဘောထားတွေ၊ နားလည်မှုတွေ၊ သည်းခံနိုင်စွမ်းတွေ၊ ပင်ကိုစွမ်းရည်တွေ ကွာလာကြတာပေါ့။ လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် အယူအဆ မတူညီနိုင်ကြဘူး။ ရည်မှန်းချက်၊ ရည်ရွယ်ချက်လည်း ကွာမယ်။ ပင်ကိုအရည်အသွေးရှိတာနဲ့ မရှိတာလည်း ကွာမယ်။ စိတ်ကောင်းရှိတာ၊ မရှိတာလည်းကွာမယ်။ နာခံတတ်သူနဲ့ မနာခံတတ်သူလည်း ကွာမယ်ပေါ့။ နောက်ဆုံးတော့ လူကောင်းရယ် လူဆိုးရယ်ဆိုပြီး ကွဲပြားလာကြရတယ်ဆိုပါတော့။

"လူချင်းတူပေမယ့် အသက်ရှူတာချင်း ကွဲပြားတယ်" ဆိုတဲ့ မြန်မာစကားက သက်သေပြနေတာပါပဲ။ ဒါကြောင့် လူတစ်ဦးချင်းစီရဲ့တန်ဖိုးဟာ ကွဲပြားခြားနားကြတယ်။

လူအမျိုးမျိုးရှိကြတယ်။ အဲဒီလို အမျိုးမျိုး၊ အထွေထွေရှိနေပေမယ့် မွန်မြတ်စိတ်ထားနဲ့ အများအကျိုးသယ်ပိုးကာ အခွင့်အရေးမမျှော်မှန်းဘဲ၊ ကိုယ်ကျိုးစွန့်ခဲ့ကြသူတွေလည်း များစွာရှိနေတာပါပဲ။

အထင်ရှားဆုံးကို ပြောရရင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပဲပေါ့။

ကလေးဘဝအရွယ်ကပင် တိုင်းပြည်နဲ့ လူမျိုးကို ဗြိတိသျှနယ်ချဲ့အုပ်စိုးမှုလက်အောက်ကနေ လွတ်မြောက်အောင် ကြိုးစားလုပ်ဆောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ခိုင်ခိုင်မြဲမြဲနဲ့ ဘဝတစ်လျှောက်လုံး လုပ်ဆောင်ခဲ့တဲ့ ကိုအောင်ဆန်း ခေါ်သခင်အောင်ဆန်းဟာ အသက် (၂၈) နှစ်အရွယ်မှာ ဗိုလ်ချုပ်ဖြစ်နေကာ မြန်မာ့တပ်မတော်ကြီးကို ကိုယ်တိုင်ဖွဲ့စည်းပြီး ခိုင်မာစွာကွပ်ကဲဦးဆောင်နိုင်သူဖြစ်တယ်။ တိုက်ပွဲပေါင်းများစွာကို အောင်မြင်အောင် တိုက်ခိုက်နိုင်ခဲ့သူအဖြစ် ကျော်ကြားတဲ့ စစ်သေနာပတိချုပ်လည်းဖြစ်တယ်။

တိုင်းသူပြည်သားတွေရဲ့ တစ်ခဲနက်ထောက်ခံအားပေးမှုနဲ့ ယုံကြည်အားကိုးမှုကိုလည်း ရရှိခဲ့တယ်။ တိုင်းရင်းသားသွေးချင်း ပြည်သူလူထုအားလုံးကို သူ့ကျွန်ဘဝ၊ ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးနဲ့ လူချင်းအတူတူ



တန်းတူအခွင့်အရေးရရှိကာ တိုးတက်ဖွံ့ဖြိုးပြီး အေးချမ်းသာယာစေချင်တဲ့ စေတနာပြည့်ဝသူဖြစ်တယ်။ မေတ္တာကြီးမားတယ်။ ပရဟိတစိတ်ပဲ ရှိသူဖြစ်ပြီး အတ္တလိုအင်အတော်နည်းတယ်။

စွန့်စားရဲတယ်။ စွန့်လွှတ်ရဲတယ်။ လိုချင်လောဘ အတော်ခေါင်းပါးတယ်။ ထူးခြားထူးချွန်တဲ့ပါရမီရှင်ဖြစ်တယ်။

အမြော်အမြင်နဲ့ ဉာဏ်ပညာပြည့်စုံတဲ့ ကမ္ဘာမှာပါ ရှားပါးသူဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့တဲ့ စာပေတွေ၊ ဟောပြောခဲ့တဲ့ မိန့်ခွန်းတွေကို လေ့လာကြည့်ရင် သိမြင်နိုင်တဲ့ ထင်ထင်ရှားရှားအချက်ကား အတွေးအခေါ် ထက်မြက်မြင့်မားပြီး အရေးအသား အထူးကျစ်လျစ်တာကို တွေ့ရမှာဖြစ်တယ်။ ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ ရယူခဲ့ပေမယ့် ဘဝကျောင်းတော်ကြီးမှာ သင်ယူခဲ့ရလို့ နိုင်ငံတကာက မော်ကြည့်ရလောက်တဲ့ စစ်ရေးပါရဂူ၊ နိုင်ငံရေးသုခမိန်တစ်ဦးဖြစ်ကြောင်း အားလုံးက လက်ခံထားကြတယ်။ ခေါင်းဆောင်ကောင်းပီသစွာ ရဲဝံ့မှု၊ စွန့်စားမှု၊ စွန့်လွှတ်မှု၊ အနာဂတ်ကို ရှင်းလင်းသဲကွဲစွာ ကြိုမြင်နိုင်စွမ်းရှိမှု၊ စိတ်ရင်းဖြူစင်မှု၊ တိကျပြတ်သားမှု၊ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးအတွက် အသက်ကိုပင် ရက်ရက်ရောရောပေးဆပ်နိုင်မှု အစရှိတဲ့ အရည်အချင်းတွေရှိသူလည်း ဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်းက ရိုးသားတယ်။ ကိုယ်ကျိုးအတ္တထက် နိုင်ငံနဲ့ လူမျိုး၊ လောကကောင်းကျိုးကို ဆောင်ဖို့အတွက်သာ ရည်ရွယ်ချက်ရှိသူဖြစ်တယ်။

တစ်နိုင်ငံလုံးက အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီးအဖြစ် အသက်သုံးဆယ်ကျော်ဦးအောင်ဆန်းကို ကြည်ညိုချစ်ခင်ပြီး ကြိုက်ရာ ရာထူးတာဝန်ယူစေချင်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရပြီးလျှင် စာရေးဆရာပဲ လုပ်မည်ဟု ကြံရွယ်ထားသူလည်း ဖြစ်တယ်။ စာပေကိုမြတ်နိုးတန်ဖိုးထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ အခြေခံပညာကျောင်းသားအရွယ်မှာလည်း စာပေဖတ်ရှုတယ်။ ပြင်ပစာပေတွေကို လေ့လာဖတ်ရှုသူဖြစ်တယ်ကွယ့်။

စာပေကရတဲ့ အသိအမြင်အတွေးတွေက ဉာဏ်ရည်ဉာဏ်သွေးတွေ၊ စွမ်းရည်တွေ၊ အတွေးအခေါ်တွေကို ထက်မြက်စေတာ အမှန်ပါပဲ။

ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ အတွေးအခေါ် ထက်မြက်စေချင်ရင် စာပေဖတ်ရှုရမယ်။ စာပေဖတ်ရှုရာမှာလည်း စာစုံဖတ်တဲ့အပြင် အောင်မြင်တဲ့၊ အတွေးအခေါ်ထက်မြက်စေတဲ့ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိ စာအုပ်တွေ၊ ဘဝအတွက် တန်ဖိုးရှိတဲ့စာပေတွေကို ရွေးချယ်ဖတ်ရှုကြဖို့ တိုက်တွန်းလိုပါတယ်။

ဉာဏ်ရည်ဉာဏ်သွေးတွေ၊ စွမ်းရည်တွေ၊ အတွေးအခေါ်တွေ ရင့်သန်ပြီး အမျိုးဂုဏ်ဇာတိဂုဏ်ကို တန်ဖိုးထားမြင့်တင်တတ်တဲ့စိတ်၊ အမျိုးသားရေးအမြင်ကို မှန်ကန်စွာသိမြင်နိုင်တဲ့စိတ်၊ တိုင်းပြည်နဲ့လူမျိုးကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး သက်စွန့်ကြိုးပမ်း ကာကွယ်လိုတဲ့စိတ်တို့ကို ပိုင်ဆိုင်သူဖြစ်တဲ့ ကိုအောင်ဆန်း ခေါ် ဗိုလ်ချုပ်အောင်ဆန်းကို နမူနာယူပြီး မောင်တို့မယ်တို့တစ်တွေ ရိုးသားစွာကြိုးစားကြရမှာပေါ့။

အဲဒီလို ဖြစ်လာပြီဆိုရင်တော့ မောင်တို့မယ်တို့ဟာ ဉာဏ်ရည်ဉာဏ်သွေးတွေ၊ စွမ်းရည်တွေ၊ အတွေးအခေါ်တွေ ရင့်သန်ထက်မြက်သူဆိုတဲ့ ဘဝကို မလွဲမသွေရရှိလာတော့မှာပေါ့ကွယ်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

## စိတ်ကောင်းရှိပါစေ

"စိတ်ကောင်းရှိသောသူများသည် အမှန်တကယ်အောင်မြင်ကြသည်။ အခြားသူများကိုပါ လေးစားပါ။ ယဉ်ကျေးသောအပြုအမူများ မွေးမြူထုထောင်ပါ။ ပြီးလျှင် ကျေးဇူးတရားကို သိတတ်ပါ။

ဇစ်၊ ဇစ်ဂလာ (၁၉၂၆-၂၀၁၂)

ဘဝတွင်အောင်မြင်ကြီးပွားရေး၊ ကြီးပွားချမ်းသာရေးအတွက် လူသားအားလုံးက အစဉ်ကြိုးစားလျက်ရှိသည်။ သို့သော် ကြိုးစားရုံမျှဖြင့် အောင်မြင်မှုဟူသည်က ရောက်ရှိလာသည်ဟု မဆိုသာ။ အောင်မြင်မှုဟူသည် အလွန်ဆန်းကြယ်၏။ တစ်ဘဝလုံးကြိုးစားရုန်းကန်သည့်တိုင် အောင်မြင်မှုရချင်မှရနိုင်သည်။ ခဏလေးကြိုးစားလိုက်ရုံဖြင့် အောင်မြင်မှုရရှိကြသည်လည်းရှိသည်။

အောင်မြင်မှုရရှိရေးကြိုးစားရာတွင် အောင်မြင်မှုအတွက် ဇောကပ်နေကြသဖြင့် လူသားတိုင်း သတိလက်လွတ်ဖြစ်ကာ မေ့လျော့နေတတ်ကြပြီး သတိမမူမိသော အောင်မြင်ကြီးပွားရေးကြိုးစားရာတွင် အဓိကလိုအပ်သည့်အချက်တစ်ခုရှိသည်။

ယင်းမှာ စိတ်ကောင်းရှိမှုနှင့် ကျေးဇူးတရားသိတတ်မှုပင်။

ကျေးဇူးတရားဟူသည်ကား များစွာကျယ်ဝန်းလှသည်။ အနန္တဂိုဏ်းဝင် မိဘ၊ ဆရာသမားတို့၏ ကျေးဇူးတရားကြီးမားမှုသည်ကား အထူးပြောဖွယ်ရာမရှိ။ အမိအဖတို့၏ ကျေးဇူးတရားကို သိမြင်တန်ဖိုးထားမှုသည် မြန်မာ့ဓလေ့ မြန်မာ့ယဉ်ကျေးမှုနှင့်လည်း ကိုက်ညီသည်။ ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင်ပင်လျှင် မိဘကျေးဇူးကို သိတတ်၍ ကျေးဇူးဆပ်ရာတွင် နို့တစ်လုံးဖိုးသာ ကျေနိုင်ကြောင်းမှတ်သားဖူးပါသည်။ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားပင်လျှင် မိဘကို ကျေးဇူးဆပ်ခွင့်ရသမျှ ကျေးဇူးဆပ်ရာ၌ ဤမျှလောက်သာ ဆပ်နိုင်သည်ဖြစ်ရာ သာမန်လူသားတို့အနေဖြင့် အမိအဖတို့အား ကျေးဇူးဆပ်နိုင်ခွင့်ကြုံသည့်တိုင် အဘယ်မျှလောက် ဆပ်နိုင်ပါမည်နည်းဟူ၍ အတွေးဖြင့် ကျေနိုင်သမျှလောက်ဖြင့် ကျေးဇူးဆပ်ကြရန် တိုက်တွန်းလိုက်ပါသည်။

"ကျေးဇူးတရားကို သိတတ်ပါ။ ကျေးဇူးသိခြင်းဆိုသည်မှာ လူသား၏ စိတ်ခံစားမှုအားလုံးတို့တွင် အကောင်းဆုံးဖြစ်သည်။"ဟု



အမေရိကန်စာရေးဆရာ ဇစ်၊ ဇစ်ဂလာ (Zig Ziglar) က Something To Smile about စာအုပ်တွင် ရေးသားခဲ့သည်။ ထိုစာရေးဆရာသည် စိတ်ဓာတ်မြှင့်တင်ရေးဟောပြောသူအဖြစ်လည်း ထင်ရှားသည်။

ထို့ကြောင့် အမှန်တကယ်အောင်မြင်သူများသည် စိတ်ကောင်းရှိကြသူများ၊ အချင်းချင်းလေးစားတတ်သူများ၊ ယဉ်ကျေးသိမ်မွေ့သူများ၊ ကျေးဇူးတရားသိတတ်သူများဖြစ်ကြောင်း အမေရိကန်စာရေးဆရာ ဇစ်၊ ဇစ်ဂလာက မီးမောင်းထိုးပြပေးခြင်းလည်းဖြစ်သည်။ ကျေးဇူးသိခြင်းသည် လူသားတို့၏စိတ်ခံစားမှုအားလုံးတို့တွင် အကောင်းဆုံးဖြစ်ကြောင်းလည်း အသိပေးထားရာ များစွာတန်ဖိုးရှိလှပေသည်။

"ဖယောင်းတိုင်တစ်တိုင်ကို အခြားဖယောင်းတိုင် တစ်တိုင်တည်းက ထွန်းညှိလို့ရတယ်။ သို့ပေမယ့် အဲဒီတစ်တိုင်ဟာ ပိုပြီး သက်တမ်းတိုမသွားဘူး။" ဟူသည့် တန်ဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူရာများစွာတို့မှ စကားမွန်ဖြစ်သည်။ ယင်းသည် တစ်ဦးတစ်ယောက်က တစ်ဦးတစ်ယောက်ကို ကောင်းမွန်သောပညာတို့ကို နည်းပေးလမ်းပြ ပြုလုပ်နိုင်ခြင်းအားဖြင့် သိရှိတတ်မြောက်ထားသော ပညာတို့ လျော့ပါးသွားခြင်းမရှိနိုင်ကြောင်း အသိပေးထားသည့် စိတ်ကောင်းရှိစေသည့်စကားလည်း ဖြစ်သည်။

ယင်းကဲ့သို့ လူသားတိုင်း သိမြင်လိုက်နာ ကျင့်ဆောင်နိုင်ကြလျှင် ဘဝတွင်အောင်မြင်မှုအတွက် ရာနှုန်းပြည့်ပြီးပြည့်စုံမည်ဖြစ်ကြောင်း လမ်းညွှန်ပေးထားမှုပင်ဖြစ်သည်။

သို့ဖြစ်၍ အောင်မြင်လိုသည့် လူသားတိုင်းသည် စိတ်ထားကောင်းရန် စိတ်ကောင်းမွေးမြူကြရပေမည်။ ကြီးပွားချမ်းသာလိုသည့် လူသားတိုင်းသည် စိတ်ကောင်းရှိကြရပေမည်။ ထို့အပြင် ကျေးဇူးတရားသိတတ်သူများဖြစ်စေရန် မိမိ၏စိတ်တွင် ကြံစည်စိတ်ကူးနိုင်ရပေမည်။ မိမိ၏ကြံစည်မှုစိတ်ပိုင်းဆိုင်ရာ အစွမ်းအစကိုသိရှိအားပြုကာ ကျေးဇူးရှိဖူးသူမှန်သမျှကို အမှတ်ရပြီး ကျေးဇူးတရားသိတတ်ကာ ကျေးဇူးဆပ်ရန် လိုအပ်သည်။

"လူဆိုတာ ကြံစည်စိတ်ကူးခဲ့တဲ့အတိုင်းဖြစ်ရတာပါပဲ"ဟု အမေရိကန်ဗိုလ်ချုပ်ကြီး ဂျော့ချ်၊ အက်စ်ပန်တန်ဂျူနီယာက ပြောကြားခဲ့ဖူးကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။

သို့ဖြစ်၍ လူသားတိုင်းသည် စိတ်ကောင်းရှိရန် စိတ်ထားကောင်းကို မွေးမြူပြီး မိမိ၏စိတ်နှလုံးတွင် ကျေးဇူးရှိသူတို့ကို ကျေးဇူးသိတတ်ရန်နှင့် ပြန်လည်ကျေးဇူးပေးဆပ်ရမည်ဟူသည့် မွန်မြတ်သည့်အတွေးစိတ်ကူးကောင်းကို ဦးစွာကြံစည်တွေးတောနိုင်ရပေမည်။ ယင်းအတွေးသည် မင်္ဂလာရှိသည့် အတွေး၊ အကြံ၊ စိတ်ကူးပင်။ ထိုသို့သောစိတ်ကူးကောင်းသည့်အတွေးကို ကြံစည်နိုင်ခြင်းအားဖြင့် အောင်မြင်မှုအတွက် ရာနှုန်းပြည့်ရလဒ်တစ်ခုဖြစ်တည်လာမည်မှာ သေချာသည်။

မောင်တို့မယ်တို့အပါအဝင် အောင်မြင်ကြီးပွားချမ်းသာလိုကြသော လူသားတိုင်းသည် စိတ်ကောင်းရှိပြီး ကျေးဇူးတရားတို့ကို သိတတ်သူဖြစ်ပါက မည်သူမဆို ဘဝဖြတ်သန်းမှုတွင် အဆင်ပြေချောမွေ့ပြီး အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိပိုင်ဆိုင်ကြမည်ဖြစ်ပေတော့သည်။ ။

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၀-၁၁-၂၀၂၃ ရက်မှအဆက်




လှကြည်က ကိုအေးဆွေကို စိုက်၍ကြည့်ရင်း ဆိုလိုက်၏။

“ဒါကို မင်းက သူတို့အသိုင်းအဝန်းထဲ မဝင်ဆံ့လို့ သိမှာမဟုတ်ဘူး။ ငါကတော့ သူတို့လူကုံထံတွေရဲ့ နောက်ဖေးပေါက်က ဝင်ကြည့်တဲ့ကောင်ဆိုတော့ အကုန် ကြားသိမြင်တွေ့နေရတာ”

ကိုအေးဆွေအဖို့ လှကြည်ထံမှ ကြားသိရသော စကားတို့ကို မအံ့သြမိတော့ချေ။ ဤသို့ပင်ဖြစ်ရပေမည်ဟု အစကတည်းက တွေးမိသားဖြစ်၏။ သို့သော် ဤကဲ့သို့ ကြားသိလာရသောအခါတွင်မူ ခင်သန်းငွေနှင့် မိမိတို့၏ ဆက်ဆံရေးအတွက် တုန်လှုပ်သွားသည်တော့ အမှန်ပင်။

“မင်းကို အချစ်ဆုံး သူငယ်ချင်းတစ်ယောက် အနေနဲ့ ငါ သတိပေးထားချင်တယ်ကွာ။ မင်းက ငါဟာ ထန်းရည်သောက်ပြီး မူးမူးရူးရူးနဲ့ စိတ်ရူး ပေါက်ပြီး အမူးစကားပြောတယ်လို့ မထင်နဲ့။ ငါ မမူးပါဘူးကွာ။ ဒီမှာအေးဆွေ၊ မင်းဟာ နောင်ခါမှ ငိုကြီးချက်မနဲ့ နောင်တရမနေစေချင်ဘူး။ ဘာလဲ လို့ဆိုရင် မင်းရယ်၊ ငါရယ်၊ ခင်သန်းငွေရယ် ဆိုတာက ကျောင်းသားဘဝထဲက တစ်ဦးနဲ့တစ်ဦး ချစ်ခင်လာကြတာ။ ဒါပေမဲ့ ခင်သန်းငွေဟာ ငါ့ထက် မင်းကို ပိုချစ်တယ်၊ ပိုသံယောဇဉ်ကြီးတယ်၊ ပိုအခွင့်အရေးပေးတယ်။ အေးလေ၊ ခုချိန်ထိပဲ ဆိုပါတော့။ ဒါကတော့ မင်းအပေါ် သူ့ရဲ့စေတနာ ကိုး။ မင်းကို ငါ မနာလိုမဖြစ်ပါဘူး။ ဒါပေမဲ့ မင်း သိထားဖို့က ငါဟာလည်း မင်းလိုပဲ ချစ်တတ်တဲ့ အသည်းနှလုံးရှိတယ်ဆိုတာကိုတော့ မင်း သတိပြု ထားရမယ်”

လှကြည်၏စကားလုံးများက ကိုအေးဆွေ၏ အသည်းနှလုံးများကို လှုပ်ခါသွားစေသည်။

“အဲဒီတော့ ငါ မင်းကို ဥပမာတစ်ခုပေးမယ်။ အခွင့်အရေးတစ်ခုဟာ ကိုယ့်အိမ်တံခါးကို မကြာခဏ လာခေါက်တယ်။ ဒါကို ကိုယ်က မိမိရရ ဆုပ်ကိုင်ယူထားနိုင်ပါလျက်နဲ့ မသိချင်ယောင် ဆောင်ပြီး ထပြီးတံခါးဖွင့်မပေးဘူး။ ဒီတော့ ဒီအခွင့် အရေးဟာ စိတ်ပျက်သွားပြီး အခြားတစ်အိမ်က တံခါးသွားခေါက်တယ်။ ခေါက်တယ်ဆိုရင်ပဲ အဲဒီ အိမ်က ချက်ချင်းတံခါးဖွင့်ပေးပြီး လက်သင့်ခံယူ လိုက်တယ်။ အဲဒီဥပမာလိုပဲ၊ မင်းလည်း တစ်နေ့ သောအခါကျမှ ငါ အလို့၊ ငါ အသုံးမကျလို့ဆိုပြီး နောင်တ တရရနဲ့ တသသပြောပြီး ငါ့အသည်းတွေ ထက်ခြမ်းကွဲနေပါပြီ၊ သွေးစိမ်းရှင်ရှင် ထွက်နေပါပြီ၊ ကျွမ်းကုန်ပါပြီဆိုပြီး ငါ့ဆီတော့ ငိုကြီးချက်မနဲ့ ပြေးမလာနဲ့လို့ အခုကတည်းက မင်းကို ငါ သတိ ပေးထားတယ်ကွာ။ အဲဒါပဲ”

လှကြည်သည် ရှေးယခင်များကဆိုလျှင် မည်သည့်အကြောင်းကို ပြောသည်ပင်ဖြစ်စေ၊ လေးလေးနက်နက် တွေးခေါ်၍ မပြောဖူးပေ။ ပြော ပြန်လျှင်လည်း အပြီးသတ်တွင် အရွှန်းဖောက်၍ အပြက်လုပ်ပစ်တတ်သည်။

ယခုတော့ ထန်းရည်သောက်ပြီး မူးနေပါသည်ဟု ဆိုစေကာမူ သူ့စကားများသည် တဖြည်းဖြည်း နှင့် လေးနက်လာသည်၊ ပဟေဠိဆန်လာသည်၊ အဓိပ္ပာယ်ကလည်း ကျယ်ဝန်းလှသည်ဟု ကိုအေးဆွေ က အလေးအနက်ထား၍ တွေးတောလာမိသည်။

တကယ်တော့ ကိုအေးဆွေသည် စုပေါင်းထန်း လုပ်ငန်းကိစ္စတွင်ဖြစ်စေ၊ လူတန်းစားတိုက်ပွဲများ တွင်ဖြစ်စေ၊ ရပ်ရွာကိစ္စများနှင့်ပတ်သက်၍ ဖြစ်စေ၊ သဘောတရားဆွေးနွေးပွဲ၊ ဟောပြောပွဲများနှင့် ပတ်သက်၍ဖြစ်စေ တက်ကြွ ဖျတ်လတ်စွာဖြင့် လှုပ်ရှားလေ့ရှိသည်။ ထက်ထက်မြက်မြက်ရှိလှ သည်။ သူ၏လှုပ်ရှားမှုများကိုကြည့်ကာ ဘေးလူ များပါ စိတ်အားတက်ကြွစေသည်။

သို့သော် ယခု သူ၏ကိုယ်ရေးကိုယ်တာ ချစ်ရေး ကိစ္စများတွင်မူ တွန့်ဆုတ်ဆုတ်ရှိလှသည်။ သူ့အသည်း နှလုံးများ၏ ခံစားချက်များဖွင့်ထုတ်ရန်ကိုလည်း သတ္တိနည်းလှပေသည်။

မည်သို့ပင် သတ္တိနည်းလှပါသည်ဟု ဆိုစေဦး တော့၊ ထန်းဖိုပေါ်စ ဟိုတစ်နေ့ဆီကမူ ကိုအေးဆွေ သည် အကြောင်းတိုက်ဆိုင်လာသဖြင့် ထန်းမောင်နံ့ အောက်တွင် သူ့ရင်ကိုဖွင့်ရန် ကြိုးစားခဲ့ပေသည်။

သို့သော် မမျှော်လင့်ဘဲ ရုတ်တရက် ကြုံကြိုက် လာရသော ကိုကုလားကြီး၏ အရေးကိစ္စကြောင့် အားခဲထားသမျှ သဲရေကျ ဖြစ်ခဲ့ရလေသည်။

[ ၄၁ ]

“ဟော၊ ဆရာမတို့ပါလား။ ဆွမ်းကျွေးအလှူက ပြန်လာကြတယ်ထင်တယ်”

ကျောင်းသားမိဘတစ်ဦးအိမ်မှ ဆွမ်းကျွေးအလှူ ဖိတ်၍ စားသောက်ပြီးပြန်လာသော ခင်သန်းငွေနှင့် ကိုအေးဆွေတို့သည် လက်ပံပင်ရွာလယ်လမ်းမကြီး အတိုင်း စကားတပြောပြောနှင့် လျှောက်လာကြရာ အခြားလမ်းကြားတစ်ခုမှ ထွက်လာသော ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်ခန့်စီရှိကြသည့် လုလင်ပျိုငယ်နှင့် လုံမပျိုငယ်နှစ်ဦးတွင် လုံမပျိုငယ်လေးက အရေးတယူ နှုတ်ဆက်လိုက်ခြင်း ဖြစ်လေသည်။ လုလင်ပျိုငယ်ကလည်း လုံမပျိုငယ်လေး၏ စကားကိုထောက်ခံသည့်အနေဖြင့် ခင်သန်းငွေအား ပြုံး၍နှုတ်ဆက်ရင်း ကိုအေးဆွေဘက်သို့ပါ ပြုံးပြ လိုက်လေသည်။

“အေးကွယ့်၊ ဆွမ်းကျွေးကပြန်လာတာပဲ”

ခင်သန်းငွေကလည်း ရင်းရင်းနှီးနှီးဖြင့် ပြုံးရယ် ရင်း ပြန်လည်ကာပြောလိုက်၏။

“အစ်ကိုအေးကော ဘယ်ကပြန်လာသလဲ။ ဆွမ်း ကျွေးကပဲ ထင်တယ်”

လုလင်ပျိုငယ်လေးကလည်း ကိုအေးဆွေအား ရင်းနှီးပွင့်လင်းစွာဖြင့် နှုတ်ဆက်မေး မေးလိုက်ပြန် သည်။

“အင်း၊ ဟုတ်တယ်ဟေ့။ မင်းတို့ကော ဘယ်သွား ကြမလို့လဲ”

“ရွာတန်းရှည်ဘက်ကိုသွားမလို့ပါ အစ်ကိုအေး။ ကျွန်တော်တို့ကိစ္စအတွက် သွားဖိတ်မလို့လေ။ ဒါနဲ့ အစ်ကိုအေး ဟိုနေ့ကျရင် အစ်ကိုအေး မလာဘဲမနေ နဲ့နော်”

“အေးပါကွာ၊ ဘယ့်နှယ့် မလာဘဲနေပါ့မလဲ။ လာမှာပေါ့ကွ”

“ဆရာမလည်း တတ်နိုင်ရင် ကျွန်တော်တို့မင်္ဂလာ ဆောင်နေ့ကျရင် ကြွဖြစ်အောင်ကြွပါနော်။ လမ်းကြုံ လို့ ဖိတ်တယ်တော့ မအောက်မေ့ပါနဲ့။ နက်ဖြန်ခါ ကျရင် မြခင် ဆရာမတို့ကျောင်းကိုလာပြီး တခြား ဆရာ ဆရာမတွေရော လာဖိတ်ပါလိမ့်မယ်ဆရာမ”

လုလင်ပျိုလေးသည် ခင်သန်းငွေဘက်သို့ပါလှည့် ၍ လေးလေးစားစားဖြင့် ဖိတ်ကြားနေပြန်သည်။

“ဟုတ်ပါတယ် ဆရာမ။ လာပါနော်” ဟု မြခင် အမည်ခံ လုံမပျိုလေးကပါ ဝင်၍ ဖိတ်ခေါ်နေပြန် သည်။

“လာမှာပေါ့ကွယ်၊ မလာဘဲနေပါ့မလား။ ကိုယ့် တပည့်မတစ်ယောက်ရဲ့ မင်္ဂလာဆောင်ပဲဟာ”

ခင်သန်းငွေသည် မရှုံ့မရဲဟန်ဖြင့် တောင်းပန် နေသော မြခင်အား ပခုံးဖက်၍ ရင်းနှီးစွာပြောလိုက် ၏။ မြခင်မှာ ခင်သန်းငွေတို့ကျောင်းမှ သတ္တမတန်း ကျောင်းသူတစ်ဦးဖြစ်သည်။

မြခင်နှင့် လုလင်ပျိုလေးတို့သည် ခင်သန်းငွေကို ကြည်ညိုကျေနပ်စွာဖြင့် ပြုံးကြည့်နေကြလေသည်။

“ကဲ ကဲ မောင်ထွန်းမြင့်၊ မင်းတို့ သွားစရာရှိသေး တယ်မဟုတ်လား။ သွားကြ၊ သွားကြ။ နေပူနေဦး မယ်”

ကိုအေးဆွေက မောင်ထွန်းမြင့်အမည်ခံ လုလင် ပျိုလေးနှင့် မြခင်အမည်ခံ လုံမပျိုလေးတို့အား သွားခွင့်ပြုလိုက်သည်။ လူငယ်မောင်နှံ နှစ်ဦးသည် လည်း ပြုံးရွှင်မြူးကြွနေသော အမူအရာလေးများဖြင့် နှုတ်ဆက်၍ ထွက်သွားကြလေသည်။

ကိုအေးဆွေတို့သည်လည်း အရှေ့ဘက်ပေါက် ရွာတံခါးမှထွက်ကာ ပေတစ်ရာလမ်းမဘက်သို့ ထွက်လာကြသည်။ ထို့နောက် ပေတစ်ရာလမ်းမကြီး အတိုင်း ရွာတောင်ဘက်ရှိ ဘုံထန်းတောဘက်သို့ လျှောက်လာကြလေသည်။

“အင်း၊ သူတို့လေးတွေကြည့်ရတာ ဘာမှအပူ အပင်မရှိဘူးနော်။ ပျော်နေလိုက်ကြတာ။ ဒီလောက် အသက်အရွယ် ငယ်ငယ်လေးတွေနဲ့ ဘဝကို ဘယ်လို များ ရင်ဆိုင်ကြမလဲမသိဘူး။ ကောင်မလေးကဆိုရင် ၇ တန်းစာမေးပွဲ မကြာခင် ဖြေရတော့မယ်၊ တန်းလန်းကြီး။ ငွေဖြင့် မောင်ထွန်းမြင့်နဲ့ လိုက်ပြေး တယ်လို့ ကြားရတဲ့နေ့ကများ အတော်ကိုအံ့သြသွား တယ်။ ဒီအရွယ်လေးနဲ့များ”

“ကျွန်တော်တို့ကသာ သူတို့ကို ငယ်သေးတယ်လို့ ထင်နေတာကို။ သူတို့ သွားမေးကြည့်ပါလား”

ထိုအခိုက် နောက်ဘက်ဆီမှ မော်တော်ကား သံများ ကြားရသဖြင့် စကားပြတ်သွားပြီး နောက် လှည့်ကြည့်လိုက်ကြသည်။ ကားသုံးစီးကို တွေ့ ရ၏။ ကားများသည် ချက်ချင်းလိုပင် ရောက်လာ ကြပြီး ကျောက်ပန်းတောင်းမြို့ဘက်သို့ ကျော်တက် သွားကြသည်။ ကားများမှာ စစ်တပ်နှင့် ရဲတပ်မှ ကားများဖြစ်သည်။ ကားများပေါ်တွင် စစ်သား၊ ရဲတပ်သားများနှင့် စစ်ဘက်နယ်ဘက် အရာရှိများ ပါသွားသည်ကို တွေ့ရ၏။ ကျေးရွာနယ်မြေများ၏ အရေးကိစ္စများကို ကွင်းဆင်းလေ့လာစစ်ဆေးကာ နှစ်ကျပ်ခွဲ၊ ကျွန်းခင်းကြီးရွာများဘက်မှ ပြန်လာ ကြဟန်တူပေသည်။

ထိုအရာရှိများထဲတွင် သူတို့အား ခေါင်းငဲ့၍ စူးစိုက်စွာကြည့်သွားသော မြို့ပိုင် ဦးဝင်းအောင်ကို လည်း ခင်သန်းငွေက ရိပ်ခနဲတွေ့မြင်လိုက်ရသည်။

ထို့နောက် သူတို့နှစ်ဦးသည် ဘုံထန်းတော နယ်မြေတွင်းသို့ ဝင်လာကြပြီဖြစ်ရာ ပေတစ်ရာ လမ်းမကြီးပေါ်မှ ယာဘက်သို့ ဖဲ့ဆင်းလိုက်သည်။ ထို့နောက် ခြေသွားလမ်းကလေးအတိုင်း ထန်းတော ထဲသို့ ဝင်သွားကြသည်။ အကယ်၍ ပေတစ်ရာ လမ်းမကြီးအတိုင်း လိုက်သွားပါမူ စုပေါင်းထန်း လုပ်ငန်းဝင်းကြီး၏ အရှေ့ဘက်တံခါးမအပေါက် ကြီးမှ ဝင်ရပေမည်။

ယခု ခြေသွားလမ်းကလေးကမူ စုပေါင်း ထန်းလုပ်ငန်းအဖွဲ့ကြီး၏ မြောက်ဘက်အပေါက်မှ ဝင်ရသော ထန်းပင်ကြို ထန်းပင်ကြားထဲက ဖြတ် သွားရသည့် ဖြတ်လမ်းကလေးပင် ဖြစ်ပေသည်။

ထန်းတောထဲသို့ ရောက်လာသည်ဆိုလျှင်ပင် မလှမ်းမကမ်း ညာဘက်ရှိ နိမ့်နိမ့်ကလေးများနှင့် သီးထွက်နေကြသော ထန်းပင်လေးများကို ကိုအေးဆွေက ရုတ်တရက် သွားမြင်လိုက်သဖြင့် စောစောကစကားကို ပြန်ဆက်လိုက်သည်။

“မောင်ထွန်းမြင့်တို့လည်း အဲဟိုက ထန်းပင်ပျို လေးတွေလို အရွယ်ရောက်လို့ ချစ်ပန်းတွေပွင့်ပြီး ဘဝသစ်ကို ဖန်တီးနေကြပြီပေါ့”

ထိုထန်းပင်ကလေးများမှာ တလောက ခင်သန်းငွေ မြင်၍တအံ့တသြဖြစ်ခဲ့သော ထန်းပင်ပျိုကလေးများ ဖြစ်ကြလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**“ကိုအေးဆွေသည် စုပေါင်းထန်းလုပ်ငန်းကိစ္စတွင်ဖြစ်စေ၊ လူတန်းစားတိုက်ပွဲများတွင်ဖြစ်စေ၊ ရပ်ရွာကိစ္စများနှင့်ပတ်သက်၍ဖြစ်စေ၊ သဘောတရားဆွေးနွေးပွဲ၊ ဟောပြောပွဲများနှင့်ပတ်သက်၍ဖြစ်စေ တက်ကြွဖျတ်လတ်စွာဖြင့် လှုပ်ရှားလေ့ရှိသည်။ ထက်ထက်မြက်မြက်ရှိလှသည်။ သူ၏လှုပ်ရှားမှုများကိုကြည့်ကာ ဘေးလူများပါ စိတ်အားတက်ကြွစေသည်။ သို့သော် ယခု သူ၏ကိုယ်ရေးကိုယ်တာ ချစ်ရေးကိစ္စများတွင်မူ တွန့်ဆုတ်ဆုတ်ရှိလှသည်။ သူ့အသည်းနှလုံးများ၏ ခံစားချက်များဖွင့်ထုတ်ရန်ကိုလည်း သတ္တိနည်းလှပေသည်။ မည်သို့ပင် သတ္တိနည်းလှပါသည်ဟု ဆိုစေဦးတော့၊ ထန်းဖိုပေါ်စ ဟိုတစ်နေ့ဆီကမူ ကိုအေးဆွေသည် အကြောင်းတိုက်ဆိုင်လာသဖြင့် ထန်းမောင်နံ့အောက်တွင် သူ့ရင်ကိုဖွင့်ရန် ကြိုးစားခဲ့ပေသည်။ သို့သော်. . .”**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
စာတည်း

# ညောင်ဦးမြို့နယ်၌ ရှင်မတောင်ဒေသထွက် သနပ်ခါးများ စိုက်ပျိုးရေးသနပ်ခါးများထက် ဈေးကောင်းပို့ရ

ညောင်ဦး နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြို မြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးများနှင့် မြိုင်မြို့နယ်ထွက် သနပ်ခါးများ စိုက်ပျိုးရေးသနပ်ခါး များထက် ဈေးနှုန်းပိုရစွာ ရောင်းချနေရကြောင်း ညောင်ဦးမြို့နယ် ဓမ္မရံဘုရားကြီးတွင် ရောင်းချနေ သည့် သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းဝယ်ရေး ပွဲစားများထံမှ သိရသည်။

**အရည်အသွေးကောင်းမွန်**

အဆိုပါ ဓမ္မရံကြီးဘုရား သနပ်ခါးတန်းရှိ သနပ်ခါးရောင်းဝယ်ရေး ပြုလုပ်နေသည့် ဈေးသည် ဦးရေ ၁၀ ဦးခန့်ရှိပြီး သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းဝယ်ရာတွင် ရေစကြိုမြို့နယ် ရှင်မတောင် ဒေသထွက် သနပ်ခါးပင်များ၊ မြိုင်မြို့နယ် ကန်နီရွာ၊ ဖောက်ပင်ရွာထွက် သနပ်ခါးများ၊ ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အရည်အသွေးကောင်းမွန်ပြီး အသွေးခံကာ လိမ်းခြယ်ရာတွင် မွှေးရနံ့ကြိုင်လှိုင် သင်းပျံ့ခြင်းတို့ကြောင့် မြန်မာပြည်တစ်လွှား နာမည် တစ်လုံးဖြင့် ရပ်တည်နေသော သနပ်ခါး ဖြစ်ကြောင်း သနပ်ခါးပွဲစား ဒေါ်မြတ်မြတ်သင်းက ပြောကြား သည်။

ဓမ္မရံကြီးဘုရား သနပ်ခါးတန်းတွင် ဆယ်နှစ် ကျော်အထက် ရှင်မတောင်သနပ်ခါးမျိုးများသာ ရောင်းချနေခြင်းကြောင့် သနပ်ခါးတုံးအရောင်းဆိုင် များ နာမည်ရရှိနေခြင်းဖြစ်ကြောင်း၊ လက်လီ၊ လက်ကား တစ်နိုင်ငံလုံး အာမခံပြီးရောင်းချကြ ကြောင်း အရှည်တစ်ပေခွဲ သနပ်ခါးတုံးများကို ငွေကျပ် ၄၀၀၀ မှ ၇၀၀၀ အထိ ရောင်းချကြပြီး သနပ်ခါးအတုံး၊ အပွေးပါရှိမှု၊ အပွေးပါပြီး ဖောင်းထ မှုများလျှင် ပို၍ ဈေးရကြောင်း၊ အပွေးပါရှိမှုနည်းလျှင် ဈေးလျော့ရောင်းချရကြောင်း သနပ်ခါးရောင်းချနေသူ ဒေါ်ချိုပြုံးက ပြောသည်။

ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ် ထွက် သနပ်ခါးများသည် အပွေးထူ၍ ဝယ်ယူသူ အကြိုက် ရှင်မတောင် သနပ်ခါးမျိုးများဖြစ်ကြောင်း၊ စိုက်ပျိုးရေးသနပ်ခါးသည် အခြားဒေသထွက် သနပ်ခါးများနှင့် ကွာခြားကာ သနပ်ခါးလိမ်းခြယ် ကြည့်ခြင်း၊ သနပ်ခါးသွေးကြည့်ခြင်းများဖြင့် အရည်အသွေးကွာခြားမှု သိနိုင်ကြောင်း၊ ရှင်မတောင် သနပ်ခါးသည် အိစက်ညက်ချောကာ စိုက်ပျိုးရေး သနပ်ခါးတုံးများထက် ပို၍အထားခံခြင်းများ ကြောင့် ဈေးနှုန်းပိုမိုရရှိကြောင်း၊ ဝယ်ယူသုံးစွဲမှု လည်းများပြားကြောင်း သနပ်ခါးပွဲစား ဦးသိန်းလွင်ဦး က ပြောကြားသည်။

**ဒီပါလင်း**




# အင်္ဂပူမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအားတွေ့ဆုံ၊ ထောက်ပံ့ပစ္စည်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အနောက် တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ဝေလင်းက အင်္ဂပူမြို့နယ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

---

❍ AFC Cup မှ

မဖြစ်မနေနိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည်။ လေးပွဲစီ ကစားအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်မှတ်၊ မက်ကာသာအသင်းက ကိုးမှတ် ရရှိထား သည်။ ရှမ်းယူနိုက်တက်အသင်းသည် မက်ကာသာ အသင်းနှင့် ပထမအကျော့တွေ့ဆုံရာတွင် အိမ်ကွင်း၌ သုံးဂိုးပြတ်အရေးနိမ့်ထားသည်။ ရှမ်းယူနိုက်တက် အသင်းသည် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် MNL ပြိုင်ပွဲ အဆုံးအဖြတ်ကာလတွင် AFC Cup ပြိုင်ပွဲ အုပ်စုလက်ကျန်ပွဲများ ကစားနေရခြင်းဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - သော်ကြီး**

---

✳ ကျောဖုံးမှ

ပတ်လည်စနစ်ဖြင့် နှစ်ကျော့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းအရေအတွက် ငါးသင်း သာရှိသောကြောင့် ပတ်လည်စနစ်ဖြင့် ကျင်းပခြင်း ဖြစ်ပြီး အမှတ်အများဆုံးအသင်းက ဗိုလ်စွဲမည်ဖြစ် သည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၂၁ ရက်အထိရန်ကုန် မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ် အားကစားရုံ တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ ချုပ်အနေဖြင့် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ ပထမဆုံး ကျင်းပခြင်းဖြစ်ပြီး အမျိုးသမီးဖူဆယ်အားကစားသမား များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီသည် ပြည်တွင်း ဖူဆယ်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပလျက်ရှိပြီး MFF Futsal Championship 2023 ပြိုင်ပွဲမှာ နိုဝင်ဘာ ၂၉ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ဒီဇင်ဘာ တွင် လိဂ်ပြိုင်ပွဲများ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**



## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုး များရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက် နေ့မှစပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး) ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲ ထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၄:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ကယား ဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၁၈:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၀:၀၀ နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာ အစီအစဉ်၊ ည ၂၀:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ မွန်ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့် သွားမည်ဖြစ်ပါသည်။

# ဒေးဒရဲမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး ဌာနဆိုင်ရာရုံးများအရောက် စာအုပ်များငှားရမ်းပေး

ဒေးဒရဲ နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံရေးဦးစီးဌာနက ပြည်သူများ စာပေ လေ့လာဖတ်ရှုသည့် အလေ့အကျင့် ကောင်းများရရှိရေး၊ စာပေမှရရှိသည့် ဗဟုသုတများ တိုးပွားစေရေး၊ အလုပ် တာဝန်များကြောင့် စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လာရောက် မငှား ရမ်းနိုင်သော ဝန်ထမ်းများအား ဌာန ဆိုင်ရာရုံးများအရောက် မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စည်ပင် သာယာရေးအဖွဲ့ရုံးသို့ သွားရောက် ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ငှားရမ်းပေးနိုင်ခဲ့**

အဆိုပါ သွားရောက်ငှားရမ်းပေးခြင်း ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက သုတစာအုပ်များ၊ ဝတ္ထု၊ မဂ္ဂဇင်းစာအုပ်များနှင့် ကလေးများ အတွက် ပုံပြင်၊ ရုပ်ပြစာအုပ်များ စုံလင်စွာ သယ်ဆောင်၍ မိုဘိုင်းစနစ် ဖြင့် စာအုပ်များ ငှားရမ်းခဲ့ရာ စာကြည့် တိုက်အသင်းဝင် ခြောက်ဦးအား သုတ ငါးအုပ်၊ ရသခြောက်အုပ်တို့ကို ငှားရမ်း ပေးနိုင်ခဲ့ပြီး တစ်ပတ်ပြည့်လျှင် စာအုပ် စာစောင်အသစ်များဖြင့် အစားထိုး ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**ငှားရမ်းပေးလျက်ရှိ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒေးဒရဲမြို့နယ်ရုံး ဝန်ထမ်းများ အနေဖြင့် ဌာနဆိုင်ရာရုံးများသို့ အပတ်စဉ်သွားရောက်၍ သုတ၊ ရသ စာအုပ်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်မှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်

မိုးညှင်း နိုဝင်ဘာ ၂၈

ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်ပိုင် Kubota 70 G Pro ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးစိုက်ပျိုးထားသည့် တောင်သူများ ရိတ်သိမ်းချိန်အမီ မိုးစပါးများ ရိတ်သိမ်းနိုင်ရန် အတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုးညှင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ မတည်ပံ့ပိုးငွေရယူ၍ မိုးစပါးစိုက်ပျိုးထား သော တောင်သူများ၏ လယ်ကေများနှင့် ပြင်ပမှ မိုးစပါးစိုက်ပျိုး ထားသည့် တောင်သူများ၏ လယ်ကေများကို ရိတ်သိမ်း ဆောင်ရွက်ပေးလျက်ရှိရာ လယ်ကေ ၁၀၀ ကျော် ရိတ်သိမ်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

အမှတ်(၆)၊ နိုဝင်ဘာလ၊ ၂၀၂၃၊ တန်ဖိုး-၈၀၀ ကျပ်

English for Students

SUPPLEMENT

ဘာသာရပ်ဆိုင်ရာ ဝါရင့်ဆရာကြီးများ ကြီးကြပ်တည်းဖြတ်သော လွယ်ကူလေ့လာ အင်္ဂလိပ်စာ

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ စနစ်သစ် အခြေခံပညာသင်ရိုးညွှန်းတမ်း စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ပြုစုထားသည်။

Grade-5 မှ Grade-12 အထိ တန်းစဉ်ထွက်ပြီ။

Ph : 018-387961, 018-376442, 09 269006353, 09 981163924

ဖြန့်ချိရေး

ရန်ကုန် - ဒေါ်မိမိလှိုင် (မိုးကျော်စာပေ)

ဖုန်း-၀၉ ၅၀၈၉၈၈၃၊ ၀၉ ၄၄၃၂၄၅၂၄၇

နေပြည်တော် - မထက်(သော်တာစန်းစာပေ)

ဖုန်း-၀၉ ၄၃၀၃၅၄၉၅၊ ၀၉ ၂၁၇၄၆၆၄

မန္တလေး - ဒေါ်မိမိလွင်(ရောင်စဉ်စာပေ)

ဖုန်း-၀၉ ၄၄၄ ၁၀ ၅၉၅၉၊ ၀၉ ၄၄၄၁၀၆၉၆၉

သတင်းစာကိုယ်စားလှယ်နှင့် ရောဝတီ

ဒေါ်နွဲ့နွဲ့ရီ(မြင့်ဦးစာပေ)

ဖုန်း-၀၉ ၅၀၈၈၉၂၅၊ ၀၉ ၂၆၃၃၇၆၀၃၀

ပိုမိုကောင်းမွန်သည့် ပြင်ဆင်မှုများကြောင့် ထွက်ရှိမှု နောက်ကျခဲ့ရခြင်းအတွက် နားလည်မှုပေးသော စာဖတ်ပရိသတ်များနှင့် ဆရာ၊ ဆရာမများ၊ ဖြန့်ချိရေးကိုယ်စားလှယ်ကြီးများကို ကျေးဇူးအထူးတင်ရှိပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် အထက်မန္တလေးလမ်းကြား၊ အမှတ် (၁၃၇)၊ ကန်တော်ကြီးရိပ်မွန်အဆင့်မြင့်အိမ်ရာ၊ အဆောက်အဦအမှတ် (Y-4 ) အတွင်းရှိ အခန်းအမှတ်(102) ဟုခေါ်တွင်သော တိုက်ခန်းများနှင့် တိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ Mother Construction Co., Ltd (၎င်းကုမ္ပဏီ၏ကိုယ်စား ဒေါ်ကြည်မြင့်သွင် [၁၂/ဗဟန(နိုင်)၀၇၂၄၄၈]မှ လက်မှတ်ရေးထိုးလျက်)မှ ၎င်းတို့သာ ပိုင်ဆိုင်ကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်ဇင် [၁၂/မဂတ(နိုင်)၀၈၆၈၉၈]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းပပအောင်**
**LL.B, LL.M, D.B.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)**
**အမှတ် (၉၇၇)၊ အင်း၀(၈)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-880888317 ,09-692214348**

# ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

MOEE YESC

မိမိအိမ်တွင် ရေပိုက်၊ ရေဘားများ မလုံခြုံ၊ ယိုစိမ့်မှုကြောင့် ရေတင်ရချိန် ပိုမိုကြာမြင့်နိုင်သဖြင့် ဓာတ်အားပိုမို အသုံးပြုရပါသည်။ ထို့ကြောင့် ရေလေလွင့်ခြင်းနှင့် ဓာတ်အားလေလွင့်မှုမရှိစေရန် သတိပြုဆင်ခြင်သင့်ပါသည်။



## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ရွှေ [၁/မကန(ပြု)၀၀၁၂၂၁]၏ ပတ်စ်ပို့နံပါတ် (MB-453 115)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၀၈၈၈၅၂**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အလက (လယ်ကုန်း-၄) ကျောင်း၊ Grade-7 မှ မောင်ဂျော်လီ၏ ဖခင်အမည်မှန်မှာ ဦးလရီး ဘရန်နန် [၁/ဆပဘ(နိုင်) ၀၀၇၁၂၀] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁၂) လယ်ကုန်းကျောင်း၊ Grade-10($A_1$) မှ မဂျိုလီမီး၏ ဖခင်အမည်မှန်မှာ ဦးလရီး ဘရန်နန် [၁/ဆပဘ(နိုင်) ၀၀၇၁၂၀] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ် - ၃၈၃/က၊ ဧရိယာ (၀.၀၃၁၆) ဧက၊ မြေအမျိုးအစား - နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၃၈၃/က)၊ ကမ္ဘောဇလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးရွှေဝင်း (ခ) ဦးကောက်ချေ [၁၂/ပဇတ(ဧည့်)၀၀၀၀၉၁] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ (၁၂-၁-၂၀၂၀)ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်ခြံမြေအပြီး အပိုင်အရောင်း အဝယ်ကတိစာချုပ်"အရ ဦးနေမျိုးထက် [၁၂/ပဇတ(နိုင်)၀၃၄၃၇၄]က မိမိတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက် သဘောတူညီ ထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအနောက်ရပ်ကွက်၊ ၈၉-လမ်း၊ အမှတ် (၁၉)၊ (ပထမထပ်)နေ ဦးဖုန်းသော်ကို နှင့် ဦးအေးရောဘတ်တို့ (သိစေရန်ကြော်ငြာချက်)

လူကြီးမင်းတို့သည် CB Bank PCL (ရုံးချုပ်)၊ (ယခင်-သမဝါယမဘဏ်လီမိတက်)မှ (၃၀-၄-၂၀၁၉) ရက်နေ့တွင် Hire Purchase ချေးငွေကျပ် - ၁၇,၇၁၃,၈၀၀/- (ကျပ်တစ်ရာခုနှစ်ဆယ့်ခုနှစ်သိန်း တစ်သောင်းသုံးထောင့်ရှစ်ရာတိတိ) ကို ချေးယူခဲ့ပြီး "ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအနောက်ရပ်ကွက်၊ ၈၉-လမ်း၊ အမှတ် (၁၉)ရှိ (ပထမထပ်)တိုက်ခန်း" အား အာမခံပစ္စည်းအဖြစ် ဘဏ်သို့ ပေးအပ်ခဲ့ပါသည်။ အဆိုပါချေးယူငွေများအတွက် လူကြီးမင်းတို့မှ အော်ဒီမန်စာချုပ်၊ အာမခံစာချုပ်နှင့် အခြားဝန်ခံကတိပြုစာချုပ်များပေါ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီး၊ တစ်လ,တစ်ခါ အတိုးငွေများကို မှန်မှန်ပေးဆပ်သွားမည်ဟု ဝန်ခံကတိပြုခဲ့သော်လည်း ၂၀၂၀-ခုနှစ်၊ ဖွန်လမှစတင်၍ ယနေ့အချိန်ထိ လစဉ်ပေးသွင်းငွေများကို ပေးသွင်းရန် ပျက်ကွက်လျှက်ရှိသောကြောင့် ဘဏ်မှ လူကြီးမင်းတို့ထံ အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း လူကြီးမင်းတို့မှ ပေးဆပ်မှုမရှိဘဲ ဆက်လက်ပျက်ကွက်နေကြောင်း သိရှိရပါသည်။

ထို့ကြောင့် (၁၇-၁၁-၂၀၂၃)ရက်နေ့အထိ ဘဏ်စာရင်းရှင်းတမ်းအရ လူကြီးမင်းတို့မှ ဘဏ်သို့ ပေးဆပ်ရမည့် အရင်း၊ အတိုးနှင့် နောက်ကျကြေးငွေစုစုပေါင်းမှာ ငွေကျပ် (၉,၈၄၃,၈၉၂. ၇၆) ဖြစ်ပေါ်လျှက်ရှိနေသည့်အတွက် ဤကြော်ငြာပါသည့်နေ့မှ ( ၁၄ )ရက်အတွင်း ဘဏ်သို့ မပျက်မကွက် လာရောက်ပေးဆပ်ပါရန်နှင့် ပေးဆပ်ရန်ပျက်ကွက်ခဲ့ပါက လူကြီးမင်းတို့အား ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း နောက်ဆုံးအကြိမ်အသိပေး ကြော်ငြာအပ်ပါသည်။

CB Bank PCL (H.P ဌာန) မှ အကြီးတန်းဒုတိယအထွေထွေမန်နေဂျာ၏

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဖြိုးအိစံ (LL.B, D.B.L, D.I.L)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၇၁၈/၁၃)
အမှတ် - ၅၀၊ မြေညီထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၄၂၀၂၄၂၄၉၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၁၈)ရှိ (၂)ခန်းတွဲ RC (၆)ထပ်တိုက်မှ ပထမထပ် (၂-လွှာ)၊ မျက်နှာမူလျှင်(ယာ-ဘက်)အခန်း၊ ဧရိယာ (၅၅၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ သည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်သိမ့်ဥမ္မာမောင် [၁၂/မဂတ(နိုင်)၁၀၁၂၇၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ရွှေရည်ဝင်း [၁၂/သဃက(နိုင်)၁၆၄၈၇၃]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေရည်ဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LLM)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း- ၀၉-၅၄၀၁၉၄၀** | **ဖုန်း- ၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မာန်ပြေ(၂၁)လမ်း (အနောက်)၊ (၃)ရပ်ကွက်၊ အမှတ်(၁၃၄၉-က)၊ ဒုတိယထပ်(၁၈ပေ x ၅၄ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယုယုဝါ(ခ)ဝင့်ဝါခိုင်[၇/ကဝန(နိုင်)၀၉၅၂၀၄]ထံမှ ကျွန်တော် ဦးထက်မြက်လင်း [၁၂/ဥကမ(နိုင်)၂၀၁၀၇၅]သည် အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ဦးထက်မြက်လင်းထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်မြက်လင်း**
**Ph:09-421104843, 09-5039727**

## (၁၄-၁၀-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၂၄ တွင် ကြေညာထားသည့် အရောင်းအဝယ်ကိစ္စအား ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက် (၁)၊ အခန်း(၄) တွင်နေထိုင်သူ ကျွန်ုပ်၏အမှုသည် ဒေါ်အေးအေးမြင့် [၁၂/ကမရ(နိုင်) ၀၁၉၃၉၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄ သမိုင်း၊ မြေကွက်အမှတ် ၉/ခ-၁ နှစ်(၆၀)ဂရန်မြေ၊ ဧရိယာ (၀.၁၅၉)ဧကနှင့်မြေကွက်အမှတ်-၁၁/က၊ နှစ်(၆၀)ဂရန်၊ ဧရိယာ(၀.၆၃၇)ဧက စုစုပေါင်းဧရိယာ(၀.၇၉၆) ဧကရှိ မြေကွက်(၂)ကွက်နှင့်မြေပေါ်ရှိအကျိုးခံစားခွင့်တို့အား အရောင်းအဝယ်ပြုလုပ်ရန်အတွက် (၁၄-၁၀-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၂၄ တွင် ကန့်ကွက်နိုင်ကြောင်း ကြေညာထားရာ အဆိုပါ မြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည်က ယခင်ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၇၉ နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ ၂၀၂၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၁၂ တို့တွင် ယင်းမြေကွက်နှင့်ပတ်သက်သည့် သက်ဆိုင်သူများအပေါ်တရားတစ်ထုံးစွဲဆိုထားရာ အဆိုပါအမှုများပြီးပြတ်ခြင်းမရှိသေးပါကြောင်းနှင့် ရောင်းမှားဝယ်မှားမဖြစ်စေရန်အတွက် စေတနာရှေ့ထား၍ အသိပေးကြေညာသည့်အပြင်၊ အဆိုပါအရောင်း အဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်ခြင်းမပြုရန်အတွက် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးယုယုကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၁၃ /၂၀၁၇)**
**အမှတ် ၈၃/၁၀(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၂၃၇၀၆၂၊ ၀၉-၇၉၅၂၅၆၈၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်-(၅၇)၊ Dana Thiri Towen ၊ အခန်းအမှတ် (၅-ဘီ) ဟုခေါ်တွင်သော Standard Decoration တိုက်ခန်း (၁)ခန်းနှင့်တကွ ယင်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား Shine Construction Company Limited. မှတာဝန်ယူဆောက်လုပ်ထားပြီး ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီမှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း၊ ရှိုင်းဆောက်လုပ်ရေး ကုမ္ပဏီကိုယ်စား ဦးမျိုးကိုကို (MD)ထံမှ ဦးကျော်ဦး (၁၂/ကမတ(နိုင်)၀၁၈၈၇၅)+ဒေါ်တင်တင်လှ (၁၂/ ကမတ(နိုင်) ၀၅၆၃၉၀)ကိုင်ဆောင်သူတို့မှလည်းကောင်း၊ ၎င်းတို့ထံမှ ဦးမောင်အေး (၁၃/မဆတ(နိုင်) ၀၃၁၄၀၅)+ဒေါ်သီရိသန္တာအောင် (၁၄/မမက (နိုင်) ၀၄၁၃၉၀) ကိုင်ဆောင်သူတို့မှလည်းကောင်း အသီးသီးဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးမောင်အေး+ဒေါ်သီရိသန္တာအောင်တို့မှ ယနေ့အချိန်အထိ လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလျှက်ရှိပြီးအရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာ ကင်းရှင်းပါကြောင်း၊ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာသည်ကို ကျွန်ုပ်မိတ်ဆွေမှ လက်ခံသဘောတူပါသဖြင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးအနက်မှ အချို့အဝက်အား ကြိုတင်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခု အရောင်းအဝယ် ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်းများနှင့်တကွကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့် ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းသီတာမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၉၆)
အမှတ်-၈၂/အေ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဖံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ တိုက်အမှတ်(၉)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ ပထမထပ်၊ (၂-လွှာ)၊ (ခြေရင်းခန်း)၊ တိုက်ကိုမျက်နှာမူလျှင် (ညာဘက်အခြမ်း)၊ အကျယ်အဝန်း (၁၂½ x ၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ခင်ခင်ထွေး [၁၂/စခန (နိုင်) ၀၈၃၄၂၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စီစီဝင်း [၅/မကန(နိုင်)၀၅၁၃၄၈] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မာမာသိန်း (LL.B)** — **ဒေါ်နှင်းဝေလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)** — **အထက်တန်းရှေ့နေ (စဉ်-၅၄၃၀၅)**
**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၆၄၉၅၉၊ ၀၉-၇၇၄၈၅၃၈၅၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ မြကန်သာ (၁)လမ်း၊ အမှတ်- ၆၄၉/အေ တည်ရှိရာ မြေတိုင်းအမှတ်- ၇၇၊ မြေကွက်အမှတ်- ၄အိုင်-၂၊ မြေပိုင်မြေအမျိုးအစား၊ ဧရိယာ (၀.၂၂၈)ဧကရှိ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ထွမ်းရင်ရင်နှင့် ကျွန်ုပ်၏မိတ်ဆွေတို့က အရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦးနှစ်ဖက်သဘောတူညီကြပြီး၍ ရောင်းချသည့် တန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးပါက ဖော်ပြပါအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ အပြီးတိုင်ဆက်လက် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ် - ၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း (၁) လမ်း၊ တိုက်အမှတ် (၁၁)၊ အခန်းအမှတ် (B-2)၊ ပထမထပ် (ခြေရင်းခန်း) ဟုခေါ်တွင်သော တိုက်ခန်းအား ဆက်စပ်စာချုပ်များဖြင့် မိမိတစ်ဦးတည်း တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်မိုး [၁၂/ကမရ (နိုင်)၀၃၃၅၀၇]အား ကျွန်ုပ်မိတ်ဆွေမှ အဆိုပါတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးအပ်ထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ကြောင်း ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများပြသ၍ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ထား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်နေလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၆) (၃၁-၄-၂၀၁၅)**
**အမှတ် (၉၉)၊ အောင်သုခလမ်း (၁) လမ်း၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၅၅၄၈၉၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ မြေကွက်အမှတ် (၃၂)၊ မြေကွက်တည်နေရာအမှတ် (၃၂)၊ နွယ်သာကီလမ်း၊ (၂၉) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒေါ်သောင်းခင် [ISN – 183608၊ ၁၂/မရက(နိုင်)၀၃၈၇၉၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်စာချုပ်အား မြေအမည်ပေါက် ဒေါ်သောင်းခင် (မိခင်) နှင့်ဦးမောင်မောင် (ဖခင်)တို့ အသီးသီး ကွယ်လွန်ခဲ့ကြကြောင်း၊ (မိခင်) ဒေါ်သောင်းခင်နှင့် (ဖခင်)ဦးမောင်မောင်တို့မှ သားသမီးများအဖြစ် ဒေါ်ခင်အုန်းမြင့်၊ ဦးမောင်မောင်အုန်း၊ ဦးခင်မောင်ညွှန့်တို့ (၃)ဦးအား မွေးဖွားခဲ့ကြောင်း၊ သားသမီး(၃)ဦးအနက် သမီး (၁) ဦးဖြစ်သူ ဒေါ်ခင်အုန်းမြင့်သည် (၂၁-၁၀-၂၀၀၉) ရက်နေ့နှင့် (ခင်ပွန်း) ဖြစ်သူ ဦးငွေသိန်းသည် (၉-၁၀-၂၀၁၂) ရက်နေ့တို့တွင် ကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်ခင်အုန်းမြင့်၏ အစုအတွက် သားဖြစ်သူ ဦးမျိုးမြင့်သိန်း [၁၂/ရကန (နိုင်) ၀၇၀၉၀၃]မှလည်းကောင်း၊ ကျန်သား (၂) ဦးဖြစ်သူ ဦးခင်မောင်အုန်း [၁၂/မရက(နိုင်)၀၅၃၄၉၁]၊ ဦးခင်မောင်ညွှန့် [၁၂/မရက(နိုင်)၀၅၁၃၆၀]တို့နှင့် ပူးတွဲပြီး၊ သားသမီးမြေးများအဖြစ် ၎င်းတို့ (၃) ဦးသာ ကျန်ရစ်ခဲ့ကြောင်းနှင့် ၎င်းတို့ (၃) ဦးမှလွဲ၍ အခြားအမွေဆက်ခံမည့် ကိတ္တိမသားသမီးတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဒေါ်သောင်းခင်၏ သေဆုံးမှုလက်မှတ်၊ ဦးမောင်မောင်၏ သေဆုံးမှုလက်မှတ်၊ ဒေါ်ခင်အုန်းမြင့်၏ သေဆုံးမှုလက်မှတ်၊ ဦးငွေသိန်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ် (၆၀) မြေငှားဂရန်စာချုပ်၊ ဦးခင်မောင်အုန်း၊ ဦးခင်မောင်ညွှန့်၊ ဦးမျိုးမြင့်သိန်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၉၉၁၉/၁၅-၆-၂၀၂၂ ဖြင့် ရရှိသူ ဦးမြင့်အောင်ထွန်း [၁၃/နခန(နိုင်)၀၄၅၃၂၈] မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဥတုရာသီ
## တောကို
## မှီ၏

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် အထက်မင်္ဂလေးလမ်းကြား၊ အမှတ်(၁၃၇)၊ ကန်တော်ကြီးရိပ်မွန်အဆင့်မြင့်အိမ်ရာ၊ အဆောက်အဦအမှတ် (Y-8 ) အတွင်းရှိ အခန်းအမှတ်(802)ဟုခေါ်တွင်သော တိုက်ခန်းများနှင့် တိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ Mother Construction Co., Ltd (၎င်းကုမ္ပဏီ၏ကိုယ်စား ဒေါ်ကြည်မြင့်သွင် [၁၂/ဗဟန(နိုင်)၀၇၂၄၄၈] မှ လက်မှတ်ရေးထိုးလျက်)မှ ၎င်းတို့သာ ပိုင်ဆိုင်ကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မိုးမိုးခိုင် [၁၀/မလမ(နိုင်)၀၀၂၆၀၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းပပအောင် LL.B, LL.M, D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)**
**အမှတ်(၉၇၇)၊ အင်း၀(၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ 09-880888317,09-692214348**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးသော်တာ [၁၂/ဥကတ(နိုင်)၀၀၂၄၅၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄)၊ မြေကွက်အမှတ်(၈၅၃/ခ)၊ အကျယ်အဝန်း (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဂရန်အမည်ပေါက် ဒေါ်ဝတ်ရည်လွင် [၁၃/လရန(ဧည့်)၀၀၀၅၂၈] မှ မိမိသာလျှင်တရားဝင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါမြေနှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦး တစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ဒေါ်ဝတ်ရည်လွင် (စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) စဉ် - ၈၄၅၇**
**LL.B, D.B.L, D.I.L, D.IP.L. D.IR, Dip in Global English PGDCWE, DL-DIP (101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း - ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊ ၀၉-၄၄၅၄၄၄၄၃၃**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၂-၁၁-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ ကြော်ငြာ (၂၈) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၂) G.P အမှတ် ၅၄/၂၀၂၀(၂၀-၁-၂၀၂၀) ဦးထွန်းဝင်း၏ ဘဏ်ချေး မြေပုံကူးတွင် ကိုယ်စားလှယ်လွှဲစာ (GP/SP)ရသူ ဦးထွန်းဝင်း [၉/မရမ(နိုင်)၀၅၃၈၁၁] အစား ဦးခင်အောင် [၁၂/စခန(နိုင်)၀၆၄၂၈၆] ဟု အမှန်ဖတ်ရှုပါရန်နှင့် ကိုယ်စားလှယ်လွှဲစာလွှဲအပ်သူ ဦးခင်အောင်[၁၂/စခန(နိုင်)၀၆၄၂၈၆] အစား ဦးထွန်းဝင်း [၉/မရမ(နိုင်)၀၅၃၈၁၁] ဟု အမှန် ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ မြေကွက်အမှတ်-၃၉၅၊ အကျယ် (၄၀'x ၆၀')၊ မြေအမျိုးအစား- ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိအမှတ်-၃၉၅၊ လယ်သမား(၄)လမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးသိန်းလှ(TTE – ၀၈၇၆၉၂) [၁၂/ရကန(နိုင်)၀၃၇၂၀၄] အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူထားရှိသူ နော်သည်းစုစိုးဝင်း [၁၂/အစန(နိုင်)၂၁၁၂၈၇]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအေးမင်းဇော်** — **ဦးကျော်မင်းနိုင်**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၉)** — **အထက်တန်းရှေ့နေ (စဉ်-၄၈၈၈၀)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ ကုန်းဘောင်လမ်း၊ မြေကွက်အမှတ်(၃၈၀)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀. ၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဦးတင်လှ၊ ဒေါ်မြမြသိန်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ယခုရောင်းချသူ ဦးသိန်းနိုင်ထွန်း [၁၂/ဒဂရ(နိုင်)၀၃၄၂၆၆] မှ အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုဝန်ခံသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေသီထွန်း(စဉ်-၄၄၂၅၁)**
**LL.B, DBL, DPM (Cambridge),W.I.P.O DL.101(Switzerland)**
**အထက်တန်းရှေ့နေ**
**အမှတ် (၃၀)၊ ဇောတိကလမ်း၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ -၇၇၃၉၅၄၉၃၁၊ ၀၉-၄၄၃၀၃၇၁၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ် - ၅၂၇/ဘီ(က)၊ အကျယ်အဝန်း (၅)ကေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြံအမှတ်-C -11(ခြေရင်းခြမ်း) အကျယ်အဝန်း (၂၂ပေ x ၇၅ ပေ)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး** တို့အား မူလအမည်ပေါက် ဦးမြသိန်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ခဲ့ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာကင်းရှင်းကြောင်း ဝန်ခံကတိပြုရောင်းချသူ ဦးကျော်မင်းနိုင် [၇/ကဝန (နိုင်)၀၉၉၃၇၃] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဟိန်းသန်းဇော် [၁၂/ဒဂတ(နိုင်)၀၄၆၆၆၆] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် မြေကွက်ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာမှုပြုအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်ဇင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၂၉၆)**
**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၃၁၈၀၊ ၀၉-၉၆၅၅၉၈၈၈၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ်(ထ/၁၆) ရပ်ကွက်၊ အောင်ဇေယျ (၇)လမ်း၊ မြေကွက်အမှတ် (၁၅၈၆/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ ပေx ၆၀ ပေ) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၁၀ ပေ x ၆၀ ပေ)(ခြေရင်းခြမ်း)ရှိ ဒေါ်မြရီ [၁၂/လမန (နိုင်)၁၀၁၅၆၄] အမည်ပေါက်ပါမစ်(ပျောက်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူကာ မိမိလက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်မြမြဝင်း [၁၂/လမန (နိုင်) ၀၂၁၂၈၃] ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုသီဂီအောင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၅၉၀၉)**
**အမှတ် (၁၆၀၃/က)၊ အောင်ဇေယျ (၇) လမ်း၊ (ထ/၁၆) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၀၅၁၆၈၅**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ မြေတိုင်းအမှတ် (၂/၂)ပေါ်ရှိ မြေ(၂)ဧက (၈၇၁၂၀စတုရန်းပေ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့အား တစ်နေ့လျှင် တန်(၂၀)ကျရေခဲမှုန့်လုပ်ငန်းနှင့် ငါး၊ ပုစွန် ပြုပြင်အေးခဲသည့် တန်(၃၀၀)ဆံ့ အအေးခန်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ငါးလုပ်ငန်းဦးစီးဌာန၊ စီမံရေးရာဌာနစု၊ ရုံးအမှတ် (၃၆) နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံရောင်းချမည့်-

| | | | |
|---|---|---|---|
| (က) | နေ့ရက် | - | (၄-၁၂-၂၀၂၃)ရက်နေ့မှ (၁၃-၁၂-၂၀၂၃ ) ရက်နေ့အထိ။ |
| (ခ) | အချိန် | - | နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက်(၉:၃၀) နာရီမှ(၁၅:၃၀) နာရီထိ။ |
| (ဂ) | နေရာ | - | ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။ |

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ - ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်/အချိန် - (၁၂-၁၂-၂၀၂၃)ရက်နေ့မှ (၂၀-၁၂-၂၀၂၃) ရက်နေ့အထိ။ (၉:၃၀) နာရီမှ (၁၅:၃၀) နာရီထိ။

၆။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် - (၂၆ - ၁၂ - ၂၀၂၃) ရက်နေ့၊ နံနက် (၁၀:၀၀)နာရီ။

၇။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Website;www.moali,gov.mm တွင်လည်း ဖော်ပြပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) ဖုန်းနံပါတ် ၀၆၇ - ၄၀၈၄၇၄၊ ၀၉ -၂၅၄၅၅၄၃၄၇ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ မြေကွက်အမှတ်(၅၉၇)၊ (၄၀'x ၆၀') (၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅)ဧကအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်အေးအေးငြိမ်း [၂/လကန(နိုင်)၀၀၈၈၉၂]က ဂရန်အမည်ပေါက်ပြီး ယခုရောင်းချသူ ဦးဝင်းကျော်ကျော်ဗိုလ် [၁၂/ဒဂရ (နိုင်) ၀၁၀၉၅၁]က ဂရန်အမည်ပေါက်ထံမှ အဆက်ဆက် အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ် ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစွမ်းထက်ပိုင်** — **ဒေါ်ပိုးဇာနည်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** — **အထက်တန်းရှေ့နေ**
